# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၉၄)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၈-၉-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)


**ယနေ့ ဖတ်စရာ အညွှန်း**

စပိန်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

စာမျက်နှာ ၁၁



လျှပ်စစ်ကားများအကြောင်း တစေ့တစောင်း(၂) (ဆောင်းပါး)

စာမျက်နှာ ၁၄






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံအား မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ★

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်မည်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်သွားမည်ဖြစ်ပြီး ထိုသို့ လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ပုဂံသီတင်းကျွတ်ပွဲတော်မှာ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ဖို့ရှိပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ နှစ်ရက်ခွဲပြီး လွှတ်တင်မှာပါ။ မီးပုံးပျံပြုလုပ်ဖို့ မြင်းကပါရွာကို အပ်ထားပါတယ်။ တောင်ကြီးက မီးပုံးပျံအဖွဲ့လည်း ရောက်နေပါတယ်။ အလုံးရေများတဲ့အတွက် မီးသတ်ဌာနအပါအဝင် သက်ဆိုင်ရာဌာနအားလုံးနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ဌာနဆိုင်ရာ၊ ဒေသခံတွေစုပေါင်းပြီး လုပ်ဆောင်တာဖြစ်ပြီးတော့ မြန်မာ့အလှနဲ့ မြန်မာ့ယဉ်ကျေးမှုကို တွေ့မြင်ရမယ့် အထူးစည်ကားတဲ့ ပွဲတော်တစ်ခု ဖြစ်မှာပါ"ဟု Bagan Lover မှ ဦးပြည့်စုံက ပြောသည်။

ထိုသို့ မီးပုံးပျံလွှတ်တင်ရာတွင် ပလတ်စတစ်နှင့် စက္ကူဖြင့် ပြုလုပ်ထားသည့် မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင် နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်ပြီး ဒေသစုံမှ ဓာတ်ပုံဝါသနာရှင်များ၊ ပန်းချီဆရာများ၊ မြန်မာ့ရှုခင်း အလှရိုက်ကူးသူများနှင့် မီဒီယာအဖွဲ့များလည်း လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသ၏ သီတင်းကျွတ်ပွဲတော်ကို မီးပုံးပျံများတွင် ငွေပဒေသာပင်ချိတ်ဆွဲ၍ ပုံသကူပစ်သော ကုသိုလ်ပြုသည့် အစီအစဉ်၊ ပွဲတော်၌ အညာဒေသထွက် အစားအစာများကို နွားလှည်းပေါ်တွင် ရောင်းချပေးသည့် အစားအစာပွဲတော်အစီအစဉ် အပါအဝင် အခြားအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ပုဂံဒေသ၏ ခရီးသွားရာသီအစဖြစ်သည့် သီတင်းကျွတ်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် မီးပုံးပျံအလုံးရေများစွာ လွှတ်တင်၍ မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့် ပူဇော်ခြင်းကို ခရီးသွားများ ကုသိုလ်ယူနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသ၏ သီတင်းကျွတ်လပြည့်ညအလှကို အားပါးတရ ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

သစ္စာ(MNA)

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၂၇

အားကောင်းသောလေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ သို့ ○



၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့။
မန္တလေး

# ဝီရိယဖြင့် အစဉ်အမြဲ ကြိုးစားရန်လိုအပ်မည်

လောကတွင် မိမိဘဝအတွက် မိမိ၏လက်ရှိအချိန်သည်သာ အကောင်းဆုံးဖြစ်သည်။ အလုပ်တစ်ခုကို အကြွေးမထားဘဲ ချက်ချင်း လုပ်ကိုင်တတ်သူ၊ ဆောင်ရွက်တတ်သူသည် တိုးတက်ကြီးပွားရန် ခြေလှမ်းစတင်လှမ်းသူဖြစ်သည်။ အစပြုတတ်သော အလေ့ရှိမှသာ ကြီးပွားချမ်းသာရာရနိုင်လေသည်။ အများသူငါတို့ လိုလားသောတိုးတက်ကြီးပွားခြင်းသည် တစ်ချက်တည်းဖြင့် ကြီးပွားနိုင်သည် မဟုတ်ပေ။ အဆင့်ဆင့်သော သင်ယူတတ်မြောက်စရာများကို သင်ကြားတတ်မြောက်ပြီးမှသာ ကြီးပွားခြင်းသို့ရောက်ရှိနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်သည် ရှေးကထက်ပင် အတတ်ပညာရပ်တွေ ပေါများလှပေသည်။ အသက်မွေးမှုတစ်ခုပညာ ကိုယ်စီပါဟူသော စကားကဲ့သို့ မိမိနှင့်နီးစပ်သော အတတ်ပညာတစ်ခုခုကိုလိုချင်လျှင် နှိမ့်ချသောစိတ်နှင့် သည်းညည်းခံသော အရင်းပါချေက မည်သည့်ပညာရှင်ထံမဆိုသွားရောက်ကာ တပည့်ခံသင်ယူနိုင်လေသည်။ ဝီရိယရှိသောသူနှင့် ရိုးသားဖြောင့်မတ်သူတို့အတွက် ပညာသင်ပေးချင်သည့် ဆရာများစွာရှိပါသည်။ မိမိကိုယ်ကို အသုံးကျသူတစ်ယောက်ဖြစ်အောင် ကြံနိုင်သောသတ္တိရှိပြီး ရိုးသားသော အလုပ်အကိုင် လုပ်ကိုင်လိုစိတ်ရှိရန် လိုအပ်သည်။ ထိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းကား ပေါများလှပါသည်။

ထို့အပြင်လူသားတိုင်း ဖြတ်သန်းရသော ဘဝခရီးတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကြိုးစာပြုမှု နေထိုင်ကြရမည်ဖြစ်သည်။ ကြိုးစားမှုဆိုသည်မှာ တစ်စုံတစ်ခုသောရလဒ်အတွက် အားထုတ်ခြင်းကိုဆိုလိုသည်။ ဖြတ်သန်းရမည့် မိမိတို့၏ရည်ရွယ်ချက် ရည်မှန်းချက် လိုအင်ဆန္ဒများအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်ထက်သန်သန်ဆောင်ရွက်ခြင်းသည်ကြိုးစားမှုဖြစ်သည်။ တစ်နည်းအားဖြင့် ကြိုးစားမှုသည် ကိုယ့်အားကိုယ်ကိုးခြင်း ဖြစ်သည်။ ကြိုးစားမှုတွင် ယုံကြည်ချက်လည်း အရင်းခံသည်။ အခက်အခဲမှန်သမျှကို နည်းအမျိုးမျိုးဖြင့် ကျော်ဖြတ်မည်ဟူသော စွမ်းရည်သည်ကြိုးစားမှုစိတ်ဓာတ်ဖြစ်သည်။

လူမှန်လျှင် ပညာရှာရမည်။ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမည်။ ထိုအခါ ကြိုးစားအားထုတ်မှုပါဝင်လာသည်။ ကြိုးစားတိုင်းသည် အချည်းအနှီးမဖြစ်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးရှိရာတွင် ကံလည်းကောင်းသည်။ ဉာဏ်လည်းကောင်းသည်။ ဝီရိယဟူသော ကြိုးစားအားထုတ်မှုမရှိလျှင် မည်သည့်နည်းနှင့်မျှ အောင်မြင်မှုကို မရရှိနိုင်ပါ။ အချို့သောသူများသည် ကံကို ယုံကြည်ကြသည်။ ကံကောင်းလျှင်အောင်မြင်မည်ဟု ထင်မှတ်ကြသည်။ အသိဉာဏ်ဗဟုသုတကြွယ်ဝရန်မှာ စာပေဖတ်ရှုခြင်းသာဖြစ်ပေသည်။ ဖတ်နိုင်မှမှတ်နိုင်မည်၊ မှတ်နိုင်မှ လေ့လာနိုင်မည်။ ဤသုံးခုသည် စက်ဝိုင်းတစ်ခုကဲ့သို့ လည်ပတ်နေသည်။ ကမ္ဘာ့နိုင်ငံအများအပြားကို လေ့လာကြည့်မည်ဆိုပါက စာဖတ်သူများများရှိသော နိုင်ငံသည် တိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ ကံဆိုသည်မှာ ကြိုးစားအလုပ်လုပ်ခြင်းဖြစ်သည်။ အလုပ်လုပ်ခြင်းသည်သာလျှင် ကံကောင်းခြင်း၏ ရေသောက်မြစ်ဖြစ်သည်။ သီးလုံးဆရာတော်က “လောကလူ့ရွာ၊ ဘုံမွေတာတွင် ကံသာလျှင်အမိဟု ဆိုရိုးရှိလည်း ဝီရိယလျှင် ဉာဏ်နှင့် ယှဉ်မှ စီစဉ်သမျှကိစ္စဝယ် လုံးဝအောင်မြင် ဖြစ်လိမ့်ပင်” ဟုဆိုထားသည်။ ထို့ကြောင့်ကံကို မယုံဘဲ ဝီရိယဖြင့် အစဉ်အမြဲ ကြိုးစားရန်လိုအပ်မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂၇ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကျောက်ဆည်မြို့၌ သတ်မှတ်ရည်ညွှန်းဈေးဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည် နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ စားသုံးဆီဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် သတ်မှတ်အရည်အသွေး ပြည့်ဝသည့် စားအုန်းဆီ တင်သွင်းသော Resources Group Trading Co.,Ltd မှ စားအုန်းဆီများကိုဝယ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်ယူခွင့် စာအုပ်များ ပြုလုပ်ပေး၍ တစ်ကြိမ်ရောင်းချပေးပါက ၂ ဒသမ ၅၀ ပိဿာနှုန်းဖြင့် အပတ်စဉ် ပြည်သူများအား အလှည့်ကျရောင်းချပေးလျက်ရှိကြောင်းသိရှိရပြီး ယမန်နေ့က စားအုန်းဆီ ၁၃၇၅ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဦးတင်လင်းအောင် (အမေထွား)၊ ဦးနန်းဦး(နဒီဇရာ)၊ ဒေါ်အိအိစိုး(နေလသုခ-၂)၊ ဒေါ်သက်သက်မွန်(အနန္တဂုဏ် စားအုန်းဆီအရောင်းဆိုင်များမှ ကျောက်ဆည်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကောင်းတင်၊ ထနောင်းတပ်၊ သင်္ဂတုံ၊ ပျားကျေးရွာများနှင့် မင်းရပ် ရပ်ကွက်ပြည်သူများအား ရောင်းချပေးခဲ့ကြောင်း ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြောပြသည်။

**သက်မောင်(ကျောက်ဆည်)**

## ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ လိုအပ်ချက်များကို တာဝန်ရှိသူများထံ တင်ပြဆွေးနွေးနိုင်ရန် ရည်ရွယ်၍ “ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၅၀ မိနစ်အထိ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်(၂၆၂)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ လမ်း ၉၀ နှင့် ၉၁ လမ်းကြားရှိ ကိုးလုံးတကာဘုရား ကမ္ဘာကျော်ဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အမှတ်(၆)နယ်မြေရဲစခန်းမှူး ဒုတိယရဲမှူးခင်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အေးအေးမျိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းမြတ်၊ မြို့နယ်စီမံအဖွဲ့ဝင် ဦးစန်းမောင်၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ပါတီကော်မတီဝင်များ၊ ရပ်ကျေးပါတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး “ပြည်သူ့အသံလွှတ်တော်အသံ”ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက်အတွင်း လိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရပ်ကွက်နေပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် လိုအပ်ချက်များကို တင်ပြရာ အကွက်(၂၆၀)မှ ဒေါ်ဌေးဌေးက ရပ်ကွက်အတွင်း အမှိုက်သိမ်းယာဉ်များ ပုံမှန်စေလွှတ်ပေးရန် တင်ပြခဲ့ပြီး အကွက်(၂၆၀)မှ ဦးသာထွန်းက ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းဖောက်လုပ်ပေးရန် ဆွေးနွေးတင်ပြခဲ့သည်။

ယင်းသို့ တင်ပြလာသည့် ရပ်ကွက်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြပြီး ပြည်သူများ၏ တင်ပြချက်များကို မှတ်တမ်းတင်ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-စ)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

★ ရှေ့ဖုံးမှ

### ဒဂုံတက္ကသိုလ်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဘူတာရုံအနီး ကျောင်းသား ကျောင်းသူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရန် YBS ဘတ်စ်ကားဂိတ်ထားရှိနိုင်ရေး ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းတည်ဆောက်နိုင်မည့် လျာထားနေရာ ရွေးချယ်ထားရှိမှု၊ ကျောင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း လမ်းဘေး ဘယ်ညာ လူသွားပလက်ဖောင်းများ ဆောင်ရွက်ခြင်းနှင့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ တက္ကသိုလ်ဝင်းအတွင်း ယာဉ်ကြောမျဉ်းနှင့် လူကူးမျဉ်းကျားများ စနစ်တကျဆေးရေးဆွဲသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာ တည်ဆောက်ရာ၌ မြေသားအောက်ခံဖောင်ဒေးရှင်း ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ YBS ဘတ်စ်ကားများကို အချိန်နှင့်တစ်ပြေးညီ စီမံပြေးဆွဲပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘူတာရုံယာဒ်ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာနယ်နိမိတ်အတွင်း စည်းကမ်းစနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒဂုံတက္ကသိုလ် ဧရိယာတစ်ခုလုံးအနေဖြင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးလိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာရှိ ချုံနွယ်များအား ရှင်းလင်းသွားရန်နှင့် သစ်ပင်ကြီးများကိုလည်း အလင်းဖွင့်ခုတ်ထွင်ခြင်းများ ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းသာယာလှပသည့်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ ရေဝပ်ဧရိယာများမရှိစေရေးအတွက်လည်း မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖော်ထုတ်ပေးခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းတွင်းလမ်းများကိုလည်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရေး စနစ်တကျပြန်လည် အဆင့်မြှင့်တင်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန်တို့က တက္ကသိုလ်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်၏ လိုအပ်ချက်များ၊ ဘာသာရပ်များအလိုက် သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအကြီးစား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တက္ကသိုလ်အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းနှင့် ပွဲကြည့်စင် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဘောလုံးကွင်းအား မီတာ ၄၀၀ ပြေးလမ်းပါ စံကိုက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ပွဲကြည့်စင်ကိုလည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ပြန်လည်တည်ဆောက်သွားရန် လိုကြောင်း၊ အားကစားကွင်း အဆင့်မြှင့်တင်ခြင်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း ကျောင်းအားကစားပွဲများကို လေ့ကျင့်ရေးအားကစားကွင်း၌ ဆောင်ရွက်နိုင်ရေး စီမံပေးထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဆေးတက္ကသိုလ်(၁) ရန်ကုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံအား မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဆေးတက္ကသိုလ်(၁)နှင့်(၂) တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေး လုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အအုံ၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အအုံဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတည်ဆောက်မည့်လိပ်ခုံးပုံအဆောက်အအုံသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင် တည်ရှိသည်ဖြစ်၍ အသံထိန်းစနစ်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

အဆိုပါယခင်က အထင်ကရအဆောက်အအုံတစ်ခုအဖြစ် ကျော်ကြားတည်ရှိခဲ့သည့် လိပ်ခုံးပုံသစ်သားခန်းမကြီး (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံကိုဗြိတိသျှဗိသုကာပညာရှင် Ragian Squire က ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၅၄ - ၁၉၅၆ ခုနှစ်များအတွင်း ရန်ကုန် စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် အဆိုပါ လိပ်ခုံးသစ်သားခန်းမကြီးကို ၁၉၈၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အပူပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံများ ပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှုမရှိတော့ခြင်း၊ ရေရှည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ကြီးမားလှခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အညီ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံအဆောက်အအုံအား ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

### ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး အုပ်ချုပ်မှုအဆောက်အအုံ ရှင်းလင်းဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်ဦးက လှိုင်တက္ကသိုလ်များနယ်မြေဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်များ၊ စာသင်ဆောင်များ တည်ဆောက်ထားရှိမှု အခြေအနေ၊ လှိုင်တက္ကသိုလ် နယ်မြေအတွင်း တက္ကသိုလ်များအလိုက် အိပ်ဆောင်များနှင့် စာသင်ဆောင်များ တည်ရှိမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်များ၊ Theater များ တည်ရှိမှုနှင့် လှိုင်တက္ကသိုလ်များနယ်မြေအတွင်း သင်ကြားမှု၊ သင်ယူမှုနှင့် အုပ်ချုပ်မှု အခြေခံအဆောက်အအုံများ၏ အခြေအနေနှင့် ထပ်မံလိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာများနှင့် ပေးအပ်လျက်ရှိသည့်ဘွဲ့များ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများအလိုက် ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေသုံးစွဲမှု၊ လုပ်ငန်းပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ★





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံ ယာဒ်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

❖ **ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လို**

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြု တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို**

★ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းကာ လှိုင်တက္ကသိုလ်များနယ်မြေနှင့် ကမာရွတ်တက္ကသိုလ်နယ်မြေတို့အတွင်း ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တစုတစည်းတည်း ဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစည်းထားရှိနိုင်ရန်လိုကြောင်း၊ ပညာရေးအရရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသ၏ ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် ဘာသာရပ်များအလိုက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

တက်ရောက်ကြသည့် ကျောင်းသားဦးရေ အချိုး၊ သင်ကြားသင်ယူမှု အခြေခံအဆောက်အအုံနှင့် သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များအား စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြား၊ သင်ယူမှု အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့အား ကျောင်းသားဦးရေနှင့် သင်ကြားရေးဝန်ထမ်းများ၏ အချိုး၊ အခြေခံအဆောက်အအုံလိုအပ်ချက်အချိုးတို့ကို ဆန်းစစ်လေ့လာတွက်ချက်၍ တစုတစည်းတည်းဖြစ်စေရေး စုစည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အဖြေရှာဆောင်ရွက်သွားကြရန် လိုကြောင်း၊ တက္ကသိုလ်များအလိုက်အခြေခံအဆောက်အအုံများ၏ အသုံးပြုမည့်အကြောင်းအရာ၊ လူဝင်ဆံ့မှုတို့အလိုက် အဆောက်အအုံ ကြံခိုင်မှုများကိုလည်း ပြန်လည်တိုင်းတာဆန်းစစ်ပြုစု၍ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အတွင်း လှည့်လည်၍ Theater များ၊ စာသင်ဆောင်များ၊ဘာသာရပ်အလိုက်စာပေဌာနများ၊ စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား ကျောင်းသူများ၏ အဆောင်များ စသည်ဖြင့် တက္ကသိုလ်အဆောက်အအုံအကွက်ချ ဆောင်ရွက်ထားရှိမှု မြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၆-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**○ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေ ခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေ မှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်တင်ဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက Switchyard များအတွင်း ရေဝင်ရောက်မှု ရှိ၊ မရှိ၊ ရေယူအဆောက်အဦကရိန်း(အကြီး)မိုးကာဖြင့် စနစ်တကျကာရံထားရှိမှုနှင့် စက်ရုံအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



မျိုးဝင်းညို(ကျွန်းလှ)

✪ စာမျက်နှာ ၂၄ မှ

နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနမှူးများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကမ္ဘာမြေကို ပုံဖော်မည့်နည်းပညာ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ "ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တု နည်းပညာသုံးကြစို့" (Digital Agenda and Artificial Intelligence to Redesign Tourism) ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်သည် ခေတ်သစ်ကမ္ဘာကြီး၏ လျင်မြန်စွာပြောင်းလဲနေသည့် နည်းပညာရေစီးကြောင်းနှင့်အညီ ခရီးသွားလုပ်ငန်းကို အမြော်အမြင်ရှိရှိနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလွန်သင့်လျော်ပြီး အချိန်ကိုက်ဖြစ်သည့် လမ်းညွှန်ချက်တစ်ခု ဖြစ်ကြောင်း။

ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းသည် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သည့် ခရီးသွား အတွေ့အကြုံများကို ဖန်တီးပေးနိုင်သကဲ့သို့ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ အတွက်လည်း လုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေမှုနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာကိုအသုံးချရာတွင် နည်းပညာ၏ အကျိုးကျေးဇူးများကို အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေး၊ ကိုယ်ရေး အချက်အလက်ကာကွယ်ရေး၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် လူသားဗဟိုပြုမှု အစရှိသည့် အချက်များကိုလည်း အလေးထားသတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများအား ဂုဏ်ပြုဆုပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာက ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ ဆောင်ရွက်ခြင်းများအပြင် ဒီဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဆိုပါက ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နည်းပညာအသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည့် ဒေသထွက် လက်မှုပညာလုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒီဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန် အရေးကြီးကြောင်း၊ လက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာဆန်းသစ်မှုများကို တီထွင်ဖန်တီးအသုံးချပြီး နိုင်ငံတော်၏ ခရီးသွားကဏ္ဍကို အဆင့်အတန်းသစ် တစ်ခုထိ တက်လှမ်းနိုင်အောင် အတူတကွ လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတထံ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ် Ms. Shaikha Al Nuwais ၏ သတင်းစကား ရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစား Video ကို လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "ခရီးသွားခြင်းနှင့် ကမ္ဘာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ဆောင်မှု စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ခရီးလှည့်လည်ရေး လုပ်ငန်းကုမ္ပဏီများနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် Short Video ပြိုင်ပွဲ၊ စာတမ်းဖတ်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဖြစ် ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်ပြခန်း၊ ဆုရရှိခဲ့ကြသည့် ဓာတ်ပုံ၊ ဆောင်းပါး၊ စာတမ်း၊ စာစီစာကုံး၊ ကုမ္ပဏီများနှင့် ဟိုတယ်များမှ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်သည် (၄၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်ဆည်မြို့၌ တစ်နိုင်တစ်ပိုင် ဟင်းသီး၊ ဟင်းရွက် စိုက်ပျိုးရောင်းချသူများ မိသားစုစားဝတ်နေရေး အဆင်ပြေ

**ကျောက်ဆည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ကာလတိုသီးနှံဖြစ်သည့် ကန်စွန်း၊ ဆလပ်၊ ဆူးပန်း၊ နံနံ၊ မုံညင်း၊ ခရမ်း၊ ရုံးပတီစသည့် ဟင်းသီး၊ ဟင်းရွက် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိသည့်အတွက် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သီးနှံစိုက်ပျိုးရောင်းချခြင်းများနှင့် ပတ်သတ်၍ မြစ်ဘေးဆိုတော့ နုန်းမြေနှစ်ဧကမှာ ကန်စွန်းရွက်ကို အဓိကထားစိုက်ပျိုးပြီး အခြားသီးနှံများဖြစ်တဲ့ ဆလပ်၊ ဆူးပန်း၊ နံနံ၊ မုံညင်း၊ ရုံးပတီသီးနှံများလည်း စိုက်ပျိုးထားကြောင်း၊ ကန်စွန်းရွက်သီးနှံသည် တစ်ခါစိုက်ထားပါက တစ်နှစ်ပတ်လုံး ခူးဆွတ်ရောင်း ချရကြောင်း၊ စိုက်ပျိုးပြီး(၄၅) ရက်တွင် ကန်စွန်းရွက်များကို စတင်ခူးဆွတ်ရောင်းချရပြီး၊ မိုးရာသီ၌ (၁၀)ရက်ခြားတစ်ကြိမ်၊ နွေရာသီနှင့် ဆောင်းရာသီအချိန်များ တွင် (၁၅)ရက်ခြားတစ်ကြိမ် စိုက်ခင်းအပြတ်ခူးဆွတ်ရောင်းချ နိုင်ပြီး၊ ရောင်းဈေးမကြိုက်ပါက လိုအပ်သလောက် ခွဲ၍ခူးဆွတ် ရောင်းချကြောင်း၊ "များနီ" တံဆိပ်ကန်စွန်းရွက်မျိုး တစ်ဧကစိုက်ပျိုးပါက အကျိုးအမြတ် အနေဖြင့် မြေဆီကောင်းမွန်မှုနှင့် အပင်ပြုစုအပေါ်မူတည်၍ ငွေကျပ်သိန်း (၅၀)ကျော်ရရှိကြောင်း ကန်စွန်းစိုက်ပျိုးရောင်းချလျက်ရှိသည့် ရန်ပုံနှစ်ကျေးရွာမှ တောင်သူဦးမြင့်မောင်က ပြောပြ၍ သိရသည်။ (၄၈၅)

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၇**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူးရဲမှူးချုပ် လင်းထွဋ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ပြင်ဦးလွင်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) ၌ ယနေ့တွင် ဒုတိယအကြိမ် စုပေါင်း သွေးလှူဒါန်းပွဲ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူးနှင့် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)မှ တာဝန်ရှိသူများက သွေးလှူရှင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(ရွှေရန်ကင်း)**

ဝ-ဝ-ဝ-ဝ-ဝ



# မိတ္ထီလာမြို့နယ်၌ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၇**

မိတ္ထီလာမြို့နယ်၌ (၁၄၃) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော် ဦးစေတီတော်ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက မြို့မရပ်ကွက် ဖောင်တော်ဦးရင်ပြင်တော် တန်ဆောင်ဆုပေးမဏ္ဍပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦး စေတီတော်ဘုရားပွဲ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ အမျိုးသား(အငယ်တန်း)လောင်းလှေပြိုင်ပွဲတွင် လူ့ခင်းကြီး ကျော်ဇေယျာဟိန်းအသင်းနှင့် ဟိန်းဇေယျာနိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ လူ့ခင်းကြီး ကျော်ဇေယျာဟိန်းအသင်းက အနိုင်ရရှိခဲ့ပြီး အမျိုးသမီးလောင်းလှေပြိုင်ပွဲတွင် ဇင်ဘိုအသင်းနှင့် မမနေလှိုင်းဖြူအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ဇင်ဘိုအသင်းက အနိုင်ရရှိခဲ့သည်။ ၎င်းနောက် အကြီးတန်း(အမျိုးသား)လောင်းလှေပြိုင်ပွဲတွင် ဇာတိသွေးအသင်းနှင့် ကံကြီးမောင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ဇာတိသွေးအသင်းက အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား(အငယ်တန်း)လောင်းလှေပြိုင်ပွဲ၊ အမျိုးသမီးလောင်းလှေပြိုင်ပွဲနှင့် အကြီးတန်း(အမျိုးသား)လောင်းလှေပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့သည့် ပြိုင်ပွဲဝင်အသင်းများအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လည်ဆွဲဆုတံဆိပ် ၊ ငွေသားဆုနှင့် ဆုဖလားများအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၆၉)



# မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၅၀၆၇၂၃ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးနှင့် လျာထားချက်ပြည့်မီကျော်လွန်ရေး အတွက် အဓိကသီးနှံမျိုးစုံကို ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ၅၃၉၆၈၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ၅၀၆၇၂၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း စိုက်ပျိုးသော အဓိကသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း တို့အပြင် စားဖိုဆောင်သီးနှံ၊ နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စုံလင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အဓိကသီးနှံများအနက် စပါး ဧက ၁၀၂၅၅၀ ၊ ပဲသီးနှံ စုစုပေါင်း ၁၉၄၄၂၃ ဧက၊ ဆီထွက်သီးနှံပေါင်း ၆၃၀၂၂ ဧက၊ ကြံသီးနှံ ၂၉၈ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ အခြားသီးနှံပေါင်း ၁၀၇၇၉၁ ဧကနှင့် နှစ်ရှည်ပင် ပေါင်း ၃၆၆၁၂ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် သီးနှံတို့ကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပြီး တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဒေသတွင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ပွားများစေရေး၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သီးနှံစုံအထွက်နှုန်းတိုးတက်ရေး နည်းပညာများ၊ EM ဖျော်ရည်၏ အကျိုးကျေးဇူး၊ အသုံးပြုပုံ၊ တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်သည့် သဘာဝပိုးသတ်ဆေး၊ အပင်အားဆေးပြုလုပ်နည်းများကို သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများ ဆောင်ရွက်၍ ဒေသတွင်း တိုက်နယ်အလိုက် အသိပညာပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမြင့်က ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း သီးနှံစိုက်ခင်းအားမြင့်မားရေးအတွက် သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားထားမြှင့်တင်ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၇**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် ငါးမျိုးစစ်ဆေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်သည်။



သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်စွမ်းရည် ငါးမျိုး စစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများက ကြည့်ရှုကြပြီး စံချိန်ကောင်းသည့် သင်တန်းသားများအား ကျောင်းအုပ်ကြီးက ဆုချီးမြှင့်ခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၈၀ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေတံဆိပ် ၃၉ ခု၊ ငွေတံဆိပ် ၅၂ ခုနှင့် ကြေးတံဆိပ် ၈၈ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဓံပုံ)

(၀၄၅)

# အသက်(၅၀)နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံ



**ဂန့်ဂေါ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့ နံနက် ၈နာရီမှစတင်၍ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer LP.8.1 ထိုးနှံပေးခြင်းကို အသက်(၅၀)နှစ်နှင့် အထက်ပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိရာ ဂန့်ဂေါမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ အသက်(၅၀)နှစ်နှင့်အထက် မိဘပြည်သူ ၇၃၈ ဦး လာရောက်၍ ကာကွယ်ဆေးထိုးနှံခဲ့ကြသည်။

ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များရှိ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး အဘိတ်ဆေးခတ်ခြင်း၊ အသက်(၉)နှစ်ပြည့်ပြီးသည့် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ သံချဆေးများ တိုက်ကျွေးပေးခြင်း၊ ရဟန်းသံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက်(၁၈)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများ၊ အသက်(၅၀)နှစ်နှင့်အထက် မိဘပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းများ စသည့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓံပုံ)

**မောင်မျိုးမင်း(မြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃)ရှိ ရှိုင်ရယ်ခတ္တာဟိုတယ်သည် ဓာတ်အားခိုးယူသုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစဉ် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃) ရှိုင်ရယ်ခတ္တာဟိုတယ်သည် လျှပ်စစ်မီးခိုးယူသုံးစွဲထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မီတာကို ချက်ချင်းဖြုတ်ယူသိမ်းဆည်းခဲ့ပြီး နိုင်ငံတော်ကနစ်နာဆုံးရှုံးခဲ့သည့် ငွေကျပ် ၁၃၈ ဒသမ ၂၃၆ သန်းကို ပြန်လည်ပေးသွင်းစေရေးနှင့် လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ပိုင်ရှင်ဖြစ်သူ ဦးထက်အောင်လှိုင်၊ ဦးကျော်ခိုင်တို့နှင့် မန်နေဂျာ ဦးနေမင်းအောင်တို့ကို စမ်းချောင်းမြို့မရဲစခန်းတွင် အမှုအမှတ် (ပ-၃၉၉/၂၀၂၆) ဖြင့် အမှုဖွင့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။



ရှိုင်ရယ်ခတ္တာ ဟိုတယ် မန်နေဂျာ ဦးနေမင်းအောင်



မီးခိုးယူသုံးစွဲထားသည့် ရှိုင်ရယ်ခတ္တာဟိုတယ်။



စမ်းချောင်းမြို့နယ် ရှိုင်ရယ်ခတ္တာဟိုတယ်ရှိ CT မီတာအမှတ်(YCB-001232) အား စက်တင်ဘာ ၂၄ ရက်တွင် အဖွဲ့ဖြင့် စစ်ဆေးနေစဉ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏နည်းပညာ အဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများကို ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် စက်တင်ဘာ ၂၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ဝမ်ဖွီးကျေးရွာအုပ်စု၊ ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့်တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၇၃ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဝမ်ဖွီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၂ ဦးအား ငွေကျပ် ၃၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၆ ဦးအား ငွေကျပ် ၁၇ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၅ ဦးအား ၁၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၀ ဦးကို ငွေကျပ် ၇၃ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

*-*-*-*-*

*-*-*-*-*-*-*



**အောင်လံမြို့နယ်အတွင်းရှိ FSC လက်မှတ်လျှောက်ထားပြီးဖြစ်သော မြဝတီစက်သုံးဆီအရောင်းဆိုင်တွင် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များအား တိကျစွာလိုက်နာခြင်းရှိ၊ မရှိ လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မန္တလေးနေ့စဉ်-၃)

| ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဒိန်းမတ် | ၂ - ၀ | ဝေးလ် |
| ဆားဘီးယား | ၁ - ၂ | နယ်သာလန် |

| ပီဖာအာရှပလား အုပ်စုအဆင့် အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဟောင်ကောင် | ၄ - ၀ | လာအို |
| ကမ္ဘောဒီးယား | ၁ - ၀ | မြန်မာ |

# မုန့်ညင်းဖြူထုပ်များ ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ရောင်းချပေးလျက်ရှိ

**ပင်းတယ စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)နေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့ပေါ်(၁၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၂၇)အုပ်စု ကျေးရွာပေါင်း(၁၃၇)ရွာ၌ ရှိသော တောင်ယာလယ်ယာခြံများ၌ စိုက်ပျိုးထားသော မိုးရာသီ ဟင်းသီး၊ ဟင်းရွက် မုန့်ညင်းဖြူထုပ်များအား ယခုအခါ စတင်ခူးဆွတ်ထုတ်လုပ် တင်ပို့ရောင်းချပေးလျက်ရှိသည်။

ဓနုဒေသ ပင်းတယမြို့နယ်၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်ရှမ်း အစရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ မိဘပြည်သူအပေါင်းတို့၏ မိသားစုစားဝတ်နေရေးအတွက် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းတွင် မိုးရာသီ ဟင်းသီး၊ ဟင်းရွက်မုန့်ညင်းဖြူစိုက်ပျိုးရေးလုပ်ငန်းကို တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျစရိတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်စိုက်ပျိုးထားရှိရာ မိုးနှောင်းလရာသီအချိန်အခါ၌ ကောင်းမွန်စွာထွက်ရှိလာပြီဖြစ်၍ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ စသည့် ဈေးနှုန်းများဖြင့် ဈေးနှုန်းမှန်ကန်စွာ ထုတ်လုပ်တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၃၃၈)

၀-၀-၀-၀-၀

၀-၀-၀

# ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေးအတွက် အီရန်၏ အဆိုပြုချက်ကို သမ္မတထရမ့် ပယ်ချ



**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေးအတွက် အီရန်ဘက်က တင်ပြထားသည့် စည်းကမ်းချက်များပါဝင်သော အဆိုပြုချက်ကို မိမိအနေဖြင့် ပယ်ချလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် အဆိုပါရေလက်ကြားကို ချက်ချင်းပြန်လည်ဖွင့်လှစ်လိုကြောင်း ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် သုံးသပ်ပြောကြားခဲ့သည်။ ရေလက်ကြားကို ဖြတ်သန်းသွားလာမှုမှတစ်ဆင့် ရရှိမည့်ဝင်ငွေများ ဆုံးရှုံးနေရခြင်းကြောင့် အီရန်နိုင်ငံသည် ခက်ခဲသော အခြေအနေတစ်ခုနှင့် ရင်ဆိုင်နေရကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်နေသည့် ကာတာနိုင်ငံမှတစ်ဆင့် အမေရိကန်ထံသို့ အစီအစဉ်တစ်ခု တင်ပြခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက် အဘတ်စ် အာရာချီက ပြောကြားခဲ့သည်။ ယခုအခါ ဆုံးဖြတ်ချက်ချရန် အမေရိကန်အပေါ် မူတည်နေကြောင်းလည်း အာရာချီက ပြောကြားခဲ့သည်။

နိုဝင်ဘာလတွင် ကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲများအပြီးတွင် အီရန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှုများ ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်း ထရမ့်က ၎င်း၏ လက်ထောက်အရာရှိများအား ပြောကြားခဲ့ကြောင်း သည်ဝေါလ်စထရိသတင်းစာက သတင်းဖော်ပြခဲ့သည်။

သို့သော် ထရမ့်၏သဘောထားသည် ပြောင်းလဲသွားနိုင်ပြီး ရွေးကောက်ပွဲရလဒ်များ၏ သက်ရောက်မှုအပေါ် မူတည်နိုင်ကြောင်း အဆိုပါအရာရှိများက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား မှတ်ဉာဏ်တုဆိုင်ရာ ကိစ္စရပ်များအတွက် "ဆက်သွယ်ရေးလမ်းကြောင်း" တည်ထောင်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဝါရှင်တန်ထိပ်သီးအစည်းအဝေးအပြီးတွင် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့အကြား မှတ်ဉာဏ်တုဆိုင်ရာကိစ္စရပ်များအတွက် "ဆက်သွယ်ရေးလမ်းကြောင်း"တစ်ရပ် တည်ထောင်ရန် သဘောတူညီခဲ့ကြသည်ဟု နှစ်ဖက်စလုံးက ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ရှီကျင့်ဖျင်တို့သည် မှတ်ဉာဏ်တု နည်းပညာ၊ ကုန်သွယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ယခုနှစ်အတွင်း တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့၌ ကျင်းပမည့် နိုင်ငံတကာထိပ်သီးအစည်းအဝေးများတွင် တတိယနှင့် စတုတ္ထအကြိမ်အဖြစ် ထပ်မံတွေ့ဆုံကြမည်ဟု ဆိုသည်။

ရှီကျင့်ဖျင်၏ ဝါရှင်တန်ခရီးစဉ်တွင် မှတ်ဉာဏ်တုဆိုင်ရာကိစ္စရပ်များအတွက် "နှစ်နိုင်ငံ ဆက်သွယ်ရေးလမ်းကြောင်း"တည်ထောင်ရန် သဘောတူညီခဲ့ကြသည်ဟု အိမ်ဖြူတော်က ဦးစွာအတည်ပြုခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဝါရှင်တန်မြို့တော်၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးအပြီး တရုတ်နိုင်ငံက အမေရိကန်သို့ ပန်ဒါဝက်ဝံနှစ်ကောင် စေလွှတ်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးအပြီး စက်တင်ဘာ ၂၇ ရက်တွင် တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ ရှောမပန်ဒါဝက်ဝံနှစ်ကောင်ကို စေလွှတ်ခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ပန်ဒါဝက်ဝံများ လွှဲပြောင်းပေးအပ်ရန် အစောပိုင်းကတည်းက သဘောတူညီထားပြီးဖြစ်သော်လည်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဝါရှင်တန်ခရီးစဉ်အတွင်း ယင်းအစီအစဉ်ကို တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအနက်ရောင်နှင့် အဖြူရောင်ရောစပ်ထားသည့် နို့တိုက်သတ္တဝါများသည် ကမ္ဘာတစ်ဝန်းတွင် အလွန်ရေပန်းစားပြီး တရုတ်နိုင်ငံသည် နိုင်ငံခြားဆက်ဆံရေး ပိုမိုခိုင်မာစေရန်အတွက် "ပန်ဒါ သံခင်းတမန်ခင်း"အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၎င်းတို့ကို ငှားရမ်းပေးလေ့ရှိကြောင်း သိရသည်။ Mon

## ဘေးအန္တရာယ်ဇုန်အဖြစ် ကြေညာခဲ့ရပြီးနောက် မိုးရွာသွန်းမှုရပ်စဲ ဘန်ကောက်မြို့တော် အစိတ်အပိုင်းအချို့၌ ရေများ ကျဆင်းသွား

**ဘန်ကောက် စက်တင်ဘာ ၂၇**

တစ်ရက်စော၍ ပြင်းထန်သော ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် ထိုင်းမြို့တော်ကို ဘေးအန္တရာယ်ဇုန်အဖြစ် အာဏာပိုင်များ ကြေညာခဲ့ရပြီးနောက် သည်းထန်စွာ ရွာသွန်းနေသော မိုးခေတ္တစဲသွားခဲ့သဖြင့် စက်တင်ဘာ ၂၇ တွင် ဘန်ကောက်မြို့တော် အစိတ်အပိုင်းအချို့၌ ရေများ ပြန်လည်ကျဆင်းသွားကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

မိုးရွာသွန်းမှု လျော့နည်းသွားပြီး တိမ်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ရေမြောင်းများအတွင်းမှ ရေများကို မြန်မြန်ဆန်ဆန် စုပ်ထုတ်ရန်နှင့် ရေထုထည်ပမာဏ လျှော့ချရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဘန်ကောက်မြို့တော်စည်ပင်သာယာရေးအဖွဲ့က သတင်းထုတ်ပြန်ကာ မိုးထပ်မရွာပါက ရေကြီးရေလျှံမှုသည် တဖြည်းဖြည်းသက်သာသွားမည်ဟု အရာရှိများက မျှော်လင့်ထားသည်။

၄၈ နာရီအတွင်း ဘန်ကောက်မြို့တော်၌ မိုးရေချိန် မီလီမီတာ ၃၀၀ နီးပါး ရွာသွန်းခဲ့သဖြင့် ပင်မလမ်းမကြီးများ ရေလွှမ်းမိုးခဲ့ပြီး အချို့သောမော်တော်ယာဉ်များ ရေနစ်မြုပ်ခဲ့ရသည်။ ဘန်ကောက်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ယာယီကယ်ဆယ်ရေးစခန်း ၂၃၃ ခုကို ဖွင့်လှစ်ပေးခဲ့ပြီး လူဦးရေ ၄၂၀၀ ခန့်ကို စခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ Mon

## စင်ကာပူအနောက်ပိုင်း ညတွင်းချင်း လေထုအရည်အသွေး ကျဆင်း ၂၄ နာရီအတွင်း လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၀၅ အထိ စံချိန်တင်

**စင်ကာပူ စက်တင်ဘာ ၂၇**

စင်ကာပူနိုင်ငံ အနောက်ပိုင်းဒေသတွင် ညတွင်းချင်း လေထုအရည်အသွေး သတ်မှတ်ချက် ကျော်လွန်ခဲ့ပြီး ၂၄ နာရီအတွင်း လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၀၅ အထိ စံချိန်တင်ခဲ့သဖြင့် စက်တင်ဘာ ၂၇ ရက်က စင်ကာပူနိုင်ငံ၏ ဒေသအချို့၌ လေထုအရည်အသွေးသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အလယ်ပိုင်းဒေသ၏ လေထုအရည်အသွေးသည် စနေနေ့ညနေပိုင်းတွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်သို့ စတင်ဝင်ရောက်ခဲ့ပြီး အရှေ့ပိုင်းဒေသတွင်မူ သန်းခေါင်ယံအချိန်၌ စတင်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ ကျန်ရှိသော ဒေသနှစ်ခုတွင်မူ လေထုအရည်အသွေးမှာ သင့်တော်သည့်အဆင့်တွင်သာရှိနေပြီး အညွှန်းကိန်းအားဖြင့် မြောက်ပိုင်းတွင် ၈၉နှင့် တောင်ပိုင်းတွင် ၉၄ အသီးသီးရှိခဲ့ကြောင်း သိရသည်။ Mon

STOP AIDS

## မွမ်ဘိုင်းမြို့တော်တည်ရှိရာ အိန္ဒိယ၏အချမ်းသာဆုံးပြည်နယ်တွင် မိုးခေါင်မှု ကြာရှည်ခဲ့ပြီးနောက် မိုးခေါင်ရေရှားမှုဒဏ် ခံစားနေကြရ

**နယူးဒေလီ စက်တင်ဘာ ၂၇**

မွမ်ဘိုင်းမြို့တော်တည်ရှိရာ အိန္ဒိယနိုင်ငံ၏ အချမ်းသာဆုံး မဟာရက်ရှ်ထရာပြည်နယ်တွင် မိုးခေါင်မှု ကြာရှည်စွာ ဖြစ်ပွားခဲ့ပြီးနောက် ပြည်နယ်၏ သုံးပုံနှစ်ပုံကျော်တွင် မိုးခေါင်ရေရှားမှုဒဏ် ခံစားနေကြရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ နှစ်စဉ်မိုးရာသီသည် မိုးရေချိန် လျော့နည်းလျက် ပြီးဆုံးမည်ဖြစ်သဖြင့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ခြိမ်းခြောက်လျက်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းခဲ့ပြီးနောက် မဟာရက်ရှ်ထရာပြည်နယ်၌ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။



တောင်အာရှဒေသသို့ ပုံမှန်အားဖြင့် မိုးနည်းပါးသော အခြေအနေများကို ဆောင်ကြဉ်းပေးလေ့ရှိသည့် ပုံမှန်ထက် ပိုမိုအားကောင်းသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်လည်း မိုးရွာသွန်းမှုပုံစံများ မူမမှန်ဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

Mon

0-0-0-0-0

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ် ပွင့်ဆန်းဆေးရုံ၌ ဆေးရုံဝန်ထမ်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကျောက်ပန်းတောင်း-ချောက် ကားလမ်းမဘေးရှိ အဆိုပါ ဆေးရုံတွင် ကျင်းပခဲ့သည်။



ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်းများက ပွင့်ဆန်းဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် တက်ရောက် ဆေးကုသမှုခံယူနေကြသည့် လူနာများအား လိုက်ပါစောင့်ရှောက်ကြသည့် လူနာစောင့်များနှင့် ဆေးရုံခန်းမဆောင်တွင် တွေ့ဆုံ၍ မြို့နယ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ လေဘေး၊ ရေဘေး စသည်တို့ဖြင့် ရင်ဆိုင်တွေ့ကြုံလာရပါက ဆောင်ရွက်ရမည့်အချက်များနှင့် ကြိုတင်ပြင်ဆင်သင့်သည့် အချက်များ၊ မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ မီးလောင်မှုမီးလန့်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြု မီးငြိမ်းသတ်နည်းများကို ရှင်းလင်းဟောပြောပြီး မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံကို လက်တွေ့ဆောင်ရွက်ပြသခဲ့သည်။ထို့နောက် ဝန်ထမ်းများက မီးဘေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြပြီး ဆေးရုံ၊ ဆေးခန်းများ၊ လူနာဆောင်များနှင့် ကုသဆောင်များတွင် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ဆေးရုံတာဝန်ရှိသူများနှင့်အတူ စစ်ဆေး၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်းများသည် ဆေးရုံရှေ့မြေကွက်လပ်တွင် ဆေးရုံဝန်ထမ်းများ၊ လူနာစောင့်များနှင့်အတူ မီးသတ်ဆေးဘူးနှင့် ရေစိုဝတ်အသုံးပြု၍ ဆီမီးလောင်မှုငြိမ်းသတ်နည်းများကို လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ သဘာဝဘေးနှင့် မီးဘေးဆိုင်ရာအသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပွင့်ဆန်းဆေးရုံ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူနာစောင့်များနှင့် အနီးဝန်းကျင်နေပြည်သူများ ၅၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၅၆)**

*-*-*-*-*-*



## တမ္ပဝတီရပ်ကွက်၌ သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၌ စက်တင်ဘာ ၂၅ ရက် နံနက် ၃ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လုံးပတ် ၃ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ စိန်ပန်းပင်နှင့် လုံးပတ် ၇ ပေ၊ အမြင့် ပေ ၇၀ခန့်ရှိ တမာပင်တို့သည် မြေပွ၍ လဲကျနေကြောင်း သတင်းရရှိသဖြင့် ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၂၅ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ဒေါ်ခင်ဝင်း(၆၀)နှစ်၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ဒေါ်ခင်ဝင်းနှင့်အတူ တစ်ရွာတည်းနေသူများဖြစ်သည့် ဒေါ်ကြည်ကြည်ထိုက်(ခ)မထိုက်(၄၆)နှစ်၊ ဦးငြိမ်းရဲမောင်(ခ)ကိုမောင်(၃၈)နှစ်ဆိုသူ၊ လယ်ဝေးမြို့နယ်၊ ရွာချောင်းကျေးရွာနေသူများဖြစ်သည့် ဦးငြိမ်းမြတ်ထက်(ခ)ညီညီ(၄၆)နှစ်၊ ဦးနေဝင်းထွန်း(ခ)ကုလား(၄၁)နှစ်နှင့် ဦးမောင်ပု(၇၆)နှစ်ဆိုသူတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခင်ဝင်း(ပါ-၆)ဦးအား လယ်ဝေးမြို့မရဲစခန်းမှ လောင်းကစားဥပဒေ ဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ နန်းခဲရပ်ကွက်နေ ဒေါ်သန်းသန်းအေး(ခ)လချမ်း(၆၀)နှစ်၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းသန်းအေး(ခ)လချမ်းအား သထုံမြို့မရဲစခန်းတွင် လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ ညနေ ၄ နာရီ မိနစ် ၂၀တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ ဦးစည်သူ(၃၅)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စည်သူဆိုသူအား မကွေးနယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း။

ထို့အတူ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်နေ ဒေါ်အေးအေးစိုး(ခ)မာမာ(၄၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးအေးစိုး(ခ)မာမာဆိုသူအား သန်လျင်မြို့မရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဝါယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား



**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်ပင်စောက်ကျေးရွာ၊ ကွင်းအမှတ်(၅၈၅)နေ ဦး××× ၏ ကိတ်မုန့်တိုက်ဂိုဒေါင် မျက်နှာကြက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မှု စက်တင်ဘာ ၂၅ ရက် ည ၁၀ နာရီ ၁၈ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ အမရပူရမြို့နယ် မီးသတ်စခန်း ဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေ တပ်ဖွဲ့ဝင်(၁၃)ဦး၊ အရံတပ်ဖွဲ့ဝင်(၅၇)ဦးသည် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၁)စီး၊ မြစ်ငယ်နယ်မြေမီးသတ်စခန်းမှ ရေသယ်ယာဉ်(၁)စီး၊ နတ်ရေကန်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ တောင်သမန်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သံရည်ကျိုအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ပြည်ကြီးတံခွန်မြို့နယ် လောကပါလ အရန်မီးသတ်စခန်းမှ ရေသယ်ယာဉ်(၁)စီး၊ အယာတော်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှ ရေသယ်ယာဉ်(၁)စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။ **(ဝဲပုံ)**

မီးလောင်မှုကြောင့် ဂိုဒေါင်(ပေ၂၀၀ × ပေ ၁၀၀)အတွင်းရှိ (ပေ ၂၀ × ပေ ၂၀)ပေ မီးခံပြားမိုး၊ မီးခံပြားကာပစ္စည်းသိုလှောင်အခန်းနှင့် ပစ္စည်းအဟောင်းများ ဆုံးရှုံးခဲ့သဖြင့် မီးပေါ်ဆစွာ သုံးစွဲသူ မန်နေဂျာ ဦး×××အား မြစ်ငယ်နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၅၇)**

*-*-*-*-*-*

## သာစည်မြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

စက်တင်ဘာ ၁၉ ရက် ၉ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ပဲခူးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် မမူစန်းအေးထံမှ စိတ်ကြွဆေးပြား ၁၀,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမူစန်းအေး(၃၁)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ထားဝယ်မြို့နယ်အတွင်း ယမန်နေ့ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိ လမ်းအချို့ ရေကြီးရေလျှံမှုနှင့် လမ်းရေကျော်လျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုဖြစ်ပွား

ထားဝယ် စက်တင်ဘာ ၂၇

ထားဝယ်မြို့နယ်အတွင်း ယမန်နေ့ ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိလမ်းအချို့ ရေကြီးရေလျှံလျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုကြုံတွေ့နေရသည့် မြို့ရွာများသို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ၊ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိရာ သွားရောက်ရန်ခက်ခဲသော နေရာများသို့လည်း ပရဟိတလူမှုကူညီရေးအသင်းများ၊ ဒေသခံများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပေါက်တိုင်းတံတား၊ မြို့တွင်းရှိဆေးရုံကြီးလမ်း၊ မြို့သစ်(၈)လမ်း၊ ထားဝယ်ကမ်းနားလမ်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှေ့တို့တွင် ရေကျော်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေကာနံရံများကို စနစ်တကျဖြင့် အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုရက်သည် လပြည့်ရက်ဖြစ်သောကြောင့် ဒီရေအတက်အကျကိုလည်း အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ရေစီးနှင့်အတူပါလာသော အမှိုက်များကိုလည်း စနစ်တကျ သိမ်းဆည်းသွားရန်လိုအပ်ကြောင်းနှင့် ထားဝယ်မြို့နည်းတူ အခြားမြို့နယ်များတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် စက်တင်ဘာ ၂၆ ရက် ညနေပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပလောက်ချောင်းရေ မြင့်တက်၍ ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ထားဝယ်ခရိုင် သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ထားဝယ်မြစ်ရေ မြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လောင်းလုံးမြို့ အမှတ်(က)ရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။





သရက်ချောင်း မြို့ပေါ်ရပ်ကွက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။




## ဘာပေ ဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်



**ပါရီ စက်တင်ဘာ ၂၇**

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဘာပေသည် ဒူးဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ပြင်သစ်လက်ရွေးစင်အသင်းက တူရကီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၇ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၁၀၇ ပွဲ ကစားကာ ၆၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ပြင်သစ်လက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၉ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ခဲပုံ)

(NGB)

## ဟာဗက်ဇ် ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**မြူးနစ် စက်တင်ဘာ ၂၇**

ဂျာမနီလက်ရွေးစင်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အသက်(၂၇)နှစ် အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့် နယ်သာလန်အသင်းတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၈ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၆၃ ပွဲ ကစားကာ ၂၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (NGB)





## စပိန်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် စက်တင်ဘာ ၂၇**

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂ မိနစ်တွင် ယာမဲလ်၊ ပွဲချိန် မိနစ် ၆၀တွင် အဲလက်စ်ဘေနာ၊ ပွဲချိန် ၇၄မိနစ်တွင် အိုယာဇာဘယ်လ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၃၀ ရက်တွင် ခရိုအေးရှားအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဂျူဗင်တပ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား တိုင်ရစ်မစ်ချယ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* လီဗာပူးအသင်းသည် အသင်းအားကစား ဒါရိုက်တာအဖြစ် ဂျူလီယန်ဝက်ဒ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

* နောက်ခံကစားသမား လုခ်ရှော ယခုနှစ် ဘောလုံးရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။ (NGB)

## ဒန်နီအင်းစ်ကို ဝိုင်ကွမ်ဘီဝန်းဒါးရားအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂၇**

အင်္ဂလန် လိဂ်(1) ကလပ် ဝိုင်ကွမ်ဘီဝန်းဒါးရားအသင်းသည် ဝါရင့် တိုက်စစ်မှူး ဒန်နီအင်းစ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၄)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ဝိုင်ကွမ်ဘီဝန်းဒါးရားအသင်းတွင် ကျောနံပါတ် (၂၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဒန်နီအင်းစ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဘန်လေ၊ လီဗာပူး၊ ဆောက်သမ်တန် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝိုင်ကွမ်ဘီဝန်းဒါးရားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဒန်နီအင်းစ်အနေဖြင့် ဝိုင်ကွမ်ဘီဝန်းဒါးရားအသင်းနှင့်အတူ အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။(အောက်ပုံ) (NGB)



## တိုင်လာမော်တန်ကို ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လီဗာပူး စက်တင်ဘာ ၂၇**

လီဗာပူးအသင်းသည် လိုင်ယွန်အသင်း၏ ကွင်းလယ်ကစားသမား တိုင်လာမော်တန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းကလည်း တိုင်လာမော်တန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ တိုင်လာမော်တန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၈-၉-၂၀၂၆ ညနေ ၅း၃၀ နာရီ | တောင်ကိုရီးယား - ဥရုဂွေး |
| ၂၈-၉-၂၀၂၆ ညနေ ၆း၃၀ နာရီ | တာမင်နစ္စတန် - ပါလက်စတိုင်း |

## စတီဖာနိုတူရာတီ ဆက်ဆူအိုလိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**တူရင် စက်တင်ဘာ ၂၇**

ဆက်ဆူအိုလိုအသင်းသည် အသင်းဂိုးသမား စတီဖာနိုတူရာတီကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဆက်ဆူအိုလို အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမား စတီဖာနိုတူရာတီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါပြီ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ အောင်မြင်မှုများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## 2026 Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Maya Joint တက်ရောက်

**ဆိုးလ် စက်တင်ဘာ ၂၇**

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဩစတြေးလျ တင်းနစ်မယ် Maya Joint တက်ရောက်ခဲ့သည်။

အဆိုပါ ဩစတြေးလျ တင်းနစ်မယ် Maya Joint သည် 2026 Korea Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Alina Korneeva အား ၆-၂၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် Maya Joint နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Kimberly Birrell တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



### ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၈-၉-၂၀၂၆ ည ၁၀း၃၀ နာရီ | ဂျော်ဂျီယာ - ယူကရိန်း |
| ။ | အာမေးနီးယား - မွန်တီနီဂရိုး |
| ။ | လတ်ဗီးယား - ဆိုက်ပရပ်စ် |
| ၂၉-၉-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | ဘယ်လ်ဂျီယံ - ပြင်သစ် |
| ။ | တူရကီ - အီတလီ |
| ။ | မြောက်အိုင်ယာလန် - ဟန်ဂေရီ |
| ။ | ရိုမေးနီးယား - ဘော့စနီးယား |
| ။ | ဆွီဒင် - ပိုလန် |

### ဗီဟာအာရှဖလား(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၂၈-၉-၂၀၂၆ မွန်းလွဲ ၃း၃၀ နာရီ | စင်ကာပူ - ဘင်္ဂလားဒေ့ရှ် |
| ၂၈-၉-၂၀၂၆ ည ၇း၀၀ နာရီ | မလေးရှား - အင်ဒိုနီးရှား |

## ကုန်ထုတ်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ စက်တင်ဘာ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်အတွင်း ကုန်ထုတ်လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်နိုင်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကုန်အထိ သက်တမ်းတိုးဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၉ ရွာနှင့် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ကျေးရွာ နှစ်ရွာအား လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍများ ပြောင်းလဲဆောင်ရွက်သွားနိုင်ရေး၊ ကုန်ထုတ်လုပ်မှုမြင့်တင်နိုင်ရေး၊ MSME အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍အသေးစိတ်ဆွေးနွေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ဆွေးနွေးပွဲသို့ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းကျေးရွာများမှ ကော်မတီဝင် ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) ဆက်လှ**

## မန္တလေးမြို့၊ မူဆယ်လူမှုကူညီရေးအသင်း (၁၃)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့မှဦးစီး၍ (၁၃)ကြိမ်မြောက် နဝမအပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။



ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် သံဃာတော်များအား ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့် မန္တလေး၊ မူဆယ်လူမှုကူညီရေးအသင်းမှ ဆွမ်း၊ ဆွမ်းဟင်း၊ အရံဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြသည်။

အဆိုပါ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းအနေဖြင့် ယခုဥပုသ်နေ့တွင် မိုးကောင်းကျောင်းတိုက်မှ သံဃာတော်အပါး ၂၀၀ တို့အား ပင့်ဖိတ်၍ စုပေါင်းဘုံဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

## မြန်ဂုဏ်ဆောင် စာပေဆုရန်ပုံငွေကြီးကြပ်ရေးစီမံချက်ရှင်းလင်း

**မန္တလေး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ကောလင်းမြို့နယ်စာရေးဆရာအသင်း၏ မြန်ဂုဏ်ဆောင် စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ၆၆လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာရေးဆရာ၊ သတင်းစာဆရာ၊ ပခုက္ကူစာပေဆုရ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၏ နေအိမ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ကောလင်းမြို့နယ်စာရေးဆရာအသင်းနာယက ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က စာရေးသက် နှစ် ၆၀ အတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ မြို့နယ်ကိုယ်စားပြု မြန်ဂုဏ်ဆောင် စာပေဆုအတွက် ရင်းနှီးမ,တည်ငွေကျပ်သိန်း ၅၀ ဖြင့် လူငယ်များ အသိပညာဗဟုသုတများ တိုးပွားရေး၊ သုတ၊ ရသစာပေတွင် စိတ်ဝင်စားပြီး အချိန်ကို အကျိုးရှိစွာ အသုံးချရေး၊ ပြည်သူ့အကျိုးပြုစာပေရှင်သန်ထွန်းကားရေး၊ ကျေးလက်စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး၊ မန်းတက္ကသိုလ်)က မြန်ဂုဏ်ဆောင်စာပေဆု ရန်ပုံငွေကြီးကြပ်ရေးစီမံချက်ကို ရှင်းလင်းပြောကြား၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုး(နွံ့သာမြေ-ကျော်မိုး၊ သနပ်ခါးမြို့တော်)၊ စာရေးဆရာ၊ သတင်းစာဆရာ မေမြို့-ဆွေလင်း၊ မန္တလေး ကဗျာဆရာ စောချိုသာ၊ ဒေါက်တာခင်မောင်ညွန့်(မီးယပ်သားဖွားအထူးကုပါရဂူ၊ လန်ဒန်)ရန်ကုန်မြို့။ မန္တလေးမြို့နေ ဒေါ်သန်းသန်းဝင်း(ရူပဗေဒကထိက)၊ ဒေါ်ဝင်း(လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့စာတိုက်)၊ ဒေါ်တင့်(အလပြ-ငြိမ်း)၊ ဒေါ်မြင့်(မြင့်မြင့်ထွေး-မန်းတက္ကသိုလ်)၊ ရန်ကုန်မြို့နေ ဒေါ်ကေသီဝင်း(တိုင်းကျန်းမာ၊ ကျိုက္ကဆံ)၊ ဒေါ်ခင်မိုမိုညိမ်း(ထွေးငယ်-မန်းတက္ကသိုလ်)၊ ဦးမျိုးမင်းညိမ်း(ပခုက္ကူစာပေဆုရ၊ ကိုကိုညိမ်း-မန်းတက္ကသိုလ်)တို့ဖြင့် စာပေဆုရန်ပုံငွေကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)နှင့် ဆက်သွယ်၍ စာပေရန်ပုံငွေ ပထမအကြိမ် မ,တည်ငွေကျပ် သိန်း ၁၀၀ ဖြင့် ဝတ္ထုတို၊ ကဗျာ၊ သုတရသဆောင်းပါးပြိုင်ပွဲများကို ၂၀၂၇ ခုနှစ်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။

မြန်ဂုဏ်ဆောင် စာပေဆုရန်ပုံငွေအတွက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၀၄၃၅၃၆၈ နှင့် ၀၉-၄၀၈၆၃၆၇၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၄၂)**

## မန္တလေးရှေ့နေအသင်း စစ်တုရင်ပြိုင်ပွဲ(၂၀၂၆) ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးရှေ့နေများ စစ်တုရင်ပြိုင်ပွဲ(၂၀၂၆)ကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင်နံနက် ၉ နာရီမှစတင်၍ ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်းနှင့် လမ်း ၃၀ကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ဗထူးအားကစားကွင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး စစ်တုရင်ကော်မတီရုံးခန်းတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို(Swiss System) ဖြင့် ကျင်းပသည်။

မန္တလေးရှေ့နေအသင်း စစ်တုရင်ပြိုင်ပွဲ(၂၀၂၆)ဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး စစ်တုရင်ကော်မတီရုံးတွင် ကျင်းပရာမန္တလေးရှေ့နေအသင်းဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးဝမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ရုပ်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**



## ချက်ကြမယ်၊ စားကြမယ်



### ငါးခေါင်းမျှစ်ချဉ်ဟင်းရည်

ငါးခေါင်းမျှစ်ချဉ်ဟင်းရည်ချက်တော့မယ်ဆိုရင် ငါးမြင်း(သို့မဟုတ်)ငါးကြင်းခေါင်းအကြီး သုံးခေါင်း၊ လေးခေါင်း၊ ကြက်သွန်ဖြူ၊ သံပရာသီး၊ မျှစ်ချဉ်၊ ပဲပြား၊ ငုံးဥ၊ ငရုတ်ချဉ်၊ စပါးလင်၊ ပင်စိမ်း၊ နနွင်းမှုန့်၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ ပန်းမုန်လာ၊ ပင်စိမ်း၊ ရှမ်းနံနံ၊ ကြက်သားမှုန့်၊ ရှာလကာရည်တို့ လိုပါတယ်။

ဒယ်အိုးထဲကို ရေထည့်ပြီး ငါးခေါင်းတွေကို ပြုတ်ပါ။ နနွင်းမှုန့်အနည်းငယ်ထည့်ပါ။ ရေတစ်ဖွက်ဆူတဲ့အထိပြုတ်ပါ။ ပြီးလျှင် ငါးခေါင်းတွေကို ဆယ်ယူပြီး ရေနှင့်ဆေးပါ။ ထို့နောက် ဒယ်အိုးထဲသို့ ဆီအနည်းငယ်ထည့်ပြီး ဆီပူလာရင် ချင်း(ဂျင်း)နဲ့ကြက်သွန်ဖြူကိုထည့်ပြီး ဆီသတ်ပါ။ အနံ့မွှေးလာပြီဆိုရင် ဓားပြားရိုက်ထားသော စပါးလင်၊ ငါးခေါင်းနဲ့ ပါးပါးလှီးထားတဲ့ မျှစ်ချဉ်တွေကိုထည့်ပြီး မွှေပါ။ ငရုတ်ချဉ် ထမင်းစားဇွန်းနှစ်ဇွန်းထည့်ပါ။ ခဏလောက်မွှေပေးပါ။ ပြီးရင် ရေကို ပန်းကန်တစ်လုံးခန့်ထည့်ပါ။ ထို့နောက် ကြက်သားမှုန့် လက်ဖက်စားဇွန်းတစ်ဇွန်း၊ အချိုမှုန့်ဇွန်းတစ်ဝက်၊ သကြားဇွန်းတစ်ဝက်၊ ဆားတစ်ဇွန်း၊ ပုစွန်ငံပြာရည် ထမင်းစားဇွန်းတစ်ဇွန်း၊ ရှာလကာရည် ထမင်းစားဇွန်းတစ်ဝက်ကျော်ထည့်ပြီး မွှေပါ။ သံပရာသီးကို နှစ်စိတ်၊ သုံးစိတ်ညှစ်ထည့်ပါ။ ပဲပြား၊ ငုံးဥ၊ ပန်းမုန်လာပွင့်၊ ငရုတ်သီးစိမ်းတို့ကိုထည့်ပြီး မွှေပေးပါ။ ပဲပြားနဲ့ပန်းပွင့်တို့ကျက်သည်အထိ တည်ထားပါ။ အဖြူမြှုပ်တွေထလာရင် ခပ်ထုတ်ပေးပါ။ ထို့နောက် ရှမ်းနံနံနဲ့ ပင်စိမ်းကို ခတ်ပေးပါ။ ဒါဆိုရင်တော့ အရသာရှိပြီး စားလို့ကောင်းတဲ့ ငါးခေါင်းမျှစ်ချဉ်ဟင်းရည်တစ်ခွက် စားလို့ရပါပြီ။ **AMM**

### ငါးသံပရာပေါင်း

ငါးသံပရာပေါင်းချက်တော့မယ်ဆိုရင် တီလားဖီးယား ငါးအကြီးတစ်ကောင်၊ ရှမ်းနံနံ၊ ငရုတ်သီးစိမ်း၊ နံနံပင်၊ ကြက်သွန်ဖြူ၊ ကြက်သားမှုန့်၊ ငံပြာရည်၊ စပါးလင်၊ ချင်း(ဂျင်း)၊ သံပရာသီးတို့ လိုပါတယ်။

ပထမဆုံး ရှမ်းနံနံ၊ ငရုတ်သီးစိမ်း၊ နံနံပင်၊ ကြက်သွန်ဖြူ၊ ငံပြာရည်၊ ချင်း(ဂျင်း)နဲ့ သံပရာ



သီးတို့ကို ကြိတ်စက်ထဲ ရေအနည်းငယ်ထည့်ပြီး ကြိတ်ထားပါ။ ပြီးလျှင် တီလားဖီးယားငါးကို ဗိုက်ခွဲပြီး ဆားနဲ့နယ်ပါ။ စပါးလင်ကို ထုထောင်းပြီး ငါးဗိုက်ထဲကိုထည့်ပါ။ ချင်း(ဂျင်း)လက်နှစ်ဆစ်ခန့်ကို ညက်ညက်ထောင်းပြီး အရည်ကို ငါးကိုယ်ပေါ် ဟိုဘက်၊သည်ဘက် သုတ်လိမ်းပေးပါ။ ချင်း(ဂျင်း)ဖတ်များကို ငါးဗိုက်ထဲသို့ ထည့်ပါ။

မီးဖိုပေါ်သို့ ရေနွေးအိုးတစ်အိုး တည်ပါ။ ပေါင်းခံဆန်ခါလေးခံပြီး ငါးကို မိနစ် ၂၀ ခန့် ပေါင်းပေးပါ။ ပြီးလျှင် ပြုတ်ရည်များကို ခပ်ထုတ်ပစ်ပါ။ ထို့နောက် ကြိတ်ချေထားသော ဆော့အရည်များကို ငါးပေါ်သို့ လောင်းချပြီး ဆူပွက်လာသည်အထိ ကျိုပေးရပါမယ်။ ဆူလာရင် ကြက်သားမှုန့်၊ ဟင်းချိုမှုန့်၊ ဆားတို့ထည့်ကာ သံပရာသီးညှစ်ပြီး ငရုတ်ကောင်းမှုန့် အနည်းငယ်ဖြူးပေးပါ။ နောက်ပြီး ၅ မိနစ်ခန့် ထပ်ပေါင်းထားလိုက်ပါ။ သံပရာသီးကို အကွင်းလေးတွေလှီးပြီး ငါးပေါ်တင်လိုက်ပါ။ ဒါဆိုရင်တော့ ငါးသံရာပေါင်းတစ်ခွက်ရပြီပေါ့။

**AMM**



# (၇၄)ကြိမ်မြောက် ပုပ္ပါးအဘထွက်ပွဲမတိုင်မီ ပုပ္ပါးတောင်တွင် လာရောက်သူများဖြင့် စည်ကား

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပါးတောင်တွင် ကျင်းပမည့် (၇၄)ကြိမ်မြောက် ပုပ္ပါးအဘထွက်ပွဲသို့ လာရောက်သူများပြားနေခြင်းကြောင့် ပွဲတော်မစတင်မီ တစ်ပတ်ခန့်ကတည်းက ပုပ္ပါးတောင်နှင့် အနီးဝန်းကျင်ဒေသများ စည်ကားလျက်ရှိကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များထံမှ သိရသည်။

နှစ်စဉ်ကျင်းပသည့် ပုပ္ပါးအဘထွက်ပွဲသည် ဒေသခံများအပြင် ဘုရားဖူးများနှင့် အပန်းဖြေခရီးသွားများ လာရောက်လေ့ရှိသည့် ပွဲတော်တစ်ခုဖြစ်ပြီး ယခုနှစ်တွင်လည်း ပွဲတော်ရက် နီးကပ်လာသည်နှင့်အမျှ လာရောက်သူ ပိုမိုများပြားလာသည်။

လာရောက်သူများအနက် မိသားစုလိုက် ကိုယ်ပိုင်ယာဉ်များဖြင့် လာရောက်သူများရှိသကဲ့သို့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများက စီစဉ်ပေးသည့် ခရီးသည်တင်ယာဉ်များနှင့် အဖွဲ့လိုက် ခရီးစဉ်များဖြင့် လာရောက်သူများပြားလာခြင်းကြောင့် ပုပ္ပါးတောင်နှင့် အနီးဝန်းကျင်ရှိ လမ်းများ၊ ယာဉ်ရပ်နားရာနေရာများနှင့် လူစည်ကားရာ နေရာများတွင် ပုံမှန်ထက် လူအသွား၊ အလာ ပိုမိုများပြားနေသည်။

အဘထွက်ပွဲကာလအတွင်း ပုပ္ပါးတောင်သို့ လာရောက်သူများသည် ဘုရားဖူးခြင်းနှင့် ပွဲတော်တွင်ပါဝင်ခြင်းအပြင် ပုပ္ပါးတောင်ဒေသ၏ သဘာဝအလှအပများကိုလည်း လာရောက်လည်ပတ်ကြသည်။ ထို့အပြင် ပွဲတော်ကာလအတွင်း အနီးဝန်းကျင်ရှိ စားသောက်ဆိုင်များ၊ တည်းခိုခန်းများနှင့် ဒေသတွင်း ရောင်းဝယ်ရေးလုပ်ငန်းများတွင်လည်း လူဝင်၊ လူထွက် ပိုမိုများပြားလာသည်။

(၇၄)ကြိမ်မြောက် ပုပ္ပါးအဘထွက်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း လာရောက်သူ ဆက်လက်များပြားနိုင်သည်။

ပွဲတော်ကာလအတွင်း ယာဉ်အသွား၊ အလာများပြားသောကြောင့် လာရောက်သူများအနေဖြင့် သတ်မှတ်ထားသည့် ယာဉ်များရပ်နားခြင်းနှင့် ပွဲတော်နေရာအတွင်း သတ်မှတ်စည်းကမ်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀-၀

# ပြောင်းစိုက်ပျိုးရေးအတွက် စက်သုံးဆီပံ့ပိုးရန် DENKO နှင့် MCIA MOA လက်မှတ်ရေးထိုး

**မန္တလေး စက်တင်ဘာ ၂၇**

ပြောင်းစိုက်ပျိုးရာတွင် အသုံးပြုသည့် လယ်ယာသုံး စက်ကိရိယာများအတွက် စက်သုံးဆီများ ပံ့ပိုးဖြည့်တင်းပေးနိုင်ရန် ရည်ရွယ်၍ DENKO Trading Co.,Ltd. နှင့် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း(MCIA)တို့အကြား နားလည်မှုသဘောတူစာချုပ်(MOA)ကို စက်တင်ဘာ ၂၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြောင်းစိုက်ပျိုးသူများအတွက် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုရာတွင် လိုအပ်သည့် စက်သုံးဆီများကို ပိုမိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်ရန်နှင့် အထောက်အကူပြုရန်အတွက် ရည်ရွယ်ထားသည်။

DENKO Trading Co., Ltd. သည် စက်သုံးဆီတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ပြီး MCIA သည် မြန်မာနိုင်ငံ၏ ပြောင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အသင်းဖြစ်သည်။

နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ပြောင်းစိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုမှုနှင့် ဆက်စပ်သည့် စက်သုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၆)**




# တော်သလင်းလပြည့်နေ့ သုံးမိုင်ကမ်းခြေသို့ အပန်းဖြေလာသူများဖြင့် စည်ကား

**မန္တလေး စက်တင်ဘာ ၂၇**

တော်သလင်းလပြည့်နေ့ အားလပ်ရက်တွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများမှ ပြည်သူများသည် ပုသိမ်ကြီးမြို့နယ်ရှိ သုံးမိုင်ကမ်းခြေသို့ လာရောက်အပန်းဖြေသူများပြားခဲ့ပြီး ကမ်းခြေတစ်လျှောက် စည်ကားလျက်ရှိသည်။



နံနက်ပိုင်းမှစတင်၍ မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်းများနှင့် လူငယ်အုပ်စုများ လာရောက်ခဲ့ကြပြီး ကမ်းခြေတွင် လေပြည်ခံစားခြင်း၊ အစားအသောက်များ စားသောက်ခြင်းနှင့် အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ကမ်းခြေအနီးရှိ အစားအသောက်ဆိုင်များနှင့် ဈေးဆိုင်ငယ်များတွင်လည်း လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်း နေဝင်ချိန်နီးလာသည်နှင့်အမျှ ကမ်းခြေသို့ လာရောက်သူများ ပိုမိုများပြားလာပြီး နေဝင်ချိန်အလှကို ကြည့်ရှုရင်း အပန်းဖြေသူများနှင့် စည်ကားနေခဲ့သည်။

ကမ်းခြေသို့ လာရောက်အပန်းဖြေသူများအနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းရန်နှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်း ဒေသခံများက ပြောသည်။

(ဝဲပုံ)

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

# ဒေသတွင်း စပါးဈေးမြင့်တက်၊ တောင်သူများ ဈေးကောင်းရရှိ

**မန္တလေး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးလက်ကျန်နည်းလာခြင်းနှင့် ဆန်စက်များ၏ ဝယ်လိုအားမြင့်တက်လာခြင်းတို့ကြောင့် စက်တင်ဘာလ စတုတ္ထပတ်တွင် စပါးဈေးနှုန်းများ ယခင်လထက် အနည်းငယ်မြင့်တက်ကာ တောင်သူများအနေဖြင့် ဈေးကောင်းရရှိလာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ အချက်အလက်များအရ သိရသည်။

လက်ရှိဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၆၁ သိန်း၊ ကလေးဧရာမင်း ငွေကျပ် ၄၂ သိန်း၊ မုံရွာဧရာမင်း ငွေကျပ် သိန်း ၄၀ ၊ ကလေးညွှန့်မထ ငွေကျပ် ၃၇ သိန်းနှင့် ရွှေဘိုဧရာမင်း ငွေကျပ် ၃၄ သိန်းဖြင့် အရောင်းအဝယ်ဖြစ်နေသည်။



ထို့အပြင် မနောသုခ(သစ်) စပါးတင်း ၁၀၀ လျှင် ငွေကျပ် သိန်း ၃၀၊ ရွှေဝါထွန်း ငွေကျပ် ၂၈ သိန်း၊ ကသာဆင်း(၃) ငွေကျပ် ၂၁ သိန်းနှင့် ကသာမော်ဘီ (၂) ငွေကျပ် သိန်း ၂၀ အထိ ဈေး ရှိနေသည်။

စပါးဈေးမြင့်တက်လာခြင်းနှင့်အတူ ဆန်ဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာပြီး ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ မုံရွာဧရာမင်း ငွေကျပ် ၁၈၅၀၀၀၊ ရွှေဘိုဧရာမင်းငွေကျပ် ၁၆၅၀၀၀၊ ကလေးဧရာမင်း ငွေကျပ် ၁၄၀၀၀၀ နှင့် မနောသုခ(သစ်)၊ ရွှေဝါထွန်းတို့မှာ တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ စပါးနှင့်ဆန် လက်ကျန်နည်းလာခြင်း၊ ဆန်စက်များမှ အဝယ်လိုက်လာခြင်းနှင့် အောက်ပိုင်းဒေသများမှ ဝယ်လိုအားရှိလာခြင်းတို့ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ရွှေမန်း**

# အမရပူရမြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ အောက် မြေကွက်များ အရောင်းအဝယ်ဖြစ်နေ



**မန္တလေး စက်တင်ဘာ ၂၇**

အမရပူရမြို့နယ်အတွင်း လက်ရှိအိမ်ခြံမြေဈေးကွက်၌ ငွေကျပ်သိန်း ၁၀၀၀ အောက်ရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်နေပြီး လူနေထိုင်ရန်အတွက် ဝယ်ယူလိုသူများ၏ စိတ်ဝင်စားမှု ဆက်လက်ရှိနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် လူနေထိုင်မှုများပြားသည့် ရပ်ကွက်များနှင့် ဈေး၊ ကျောင်းများအနီးရှိ မြေကွက်များကို ဝယ်ယူလိုသူများ ပိုမိုစိတ်ဝင်စားလျက်ရှိပြီး ဈေးနှုန်းသင့်တင့်ကာ နေထိုင်ရန် အဆင်ပြေသည့်မြေကွက်များ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြေကွက်ဝယ်ယူသူများအနက် နေထိုင်ရန်အတွက် ဝယ်ယူသူများပြားပြီး ရင်းနှီးမြှုပ်နှံရန်အတွက် ဝယ်ယူသူမှာ နည်းပါးနေကြောင်း သိရသည်။

ထို့အပြင် လမ်းမပေါ်မျက်နှာစာရှိ မြေကွက်များမှာ ဈေးနှုန်းမြင့်မားသဖြင့် အရောင်းအဝယ်အေးနေပြီး လမ်းမနှင့် အနည်းငယ်အတွင်းဘက်ရှိ ဈေးနှုန်းသင့်တင့်ကာ လူနေထိုင်ရန် သင့်လျော်သည့်မြေကွက်များကို ဝယ်ယူသူများက ပိုမိုရွေးချယ်နေကြကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

# လျှပ်စစ်ကားများအကြောင်း တစေ့တစောင်း (၂)

**လျှပ်စစ်ကားများ စတင်နိုးကြားလာမှု**

၁၉၇၀ ပြည့်နှစ်များအတွင်း ရေနံအကျပ်အတည်းက အစားထိုး လောင်စာသုံးကားများကို အသစ်တစ်ဖန် စိတ်ဝင်စားလာစေသည်။ လောင်စာဆီပြတ်လပ်မှု၊ ဈေးနှုန်းကြီးမြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့် လျှပ်စစ်ကားများကို အသစ်တစ်ဖန် ကြည့်ရှုနိုင်ခဲ့သည်။ အစိုးရများနှင့် ကားထုတ်လုပ်သူများသည် ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားမှုကို လျှော့ချရန် နည်းလမ်းအဖြစ် လျှပ်စစ်ကားများကို စတင်ရှာဖွေခဲ့ကြသည်။ ဤကာလအတွင်း၊ ရှေ့ပြေးပုံစံအသစ်များနှင့် စမ်းသပ်မော်ဒယ်များကို တီထွင်ထုတ်လုပ်ခြင်းဖြင့် လျှပ်စစ်ကားများတွင် ဆန်းသစ်တီထွင်မှုများ ပိုမိုရှိလာခဲ့သည်။ သုတေသီများသည် လျှပ်စစ်ကားများကို ပြန်လည်အသက်သွင်းရန်၊ ဘက်ထရီနည်းပညာ၊ အားသွင်းစခန်းများနှင့် တစ်ကြိမ်အားသွင်းနိုင်သည့် အကွာအဝေးကဲ့သို့သော စိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းလာကြသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ခေတ်မီလျှပ်စစ်ကား အမြောက်အမြား ရောက်ရှိလာသည်ကို မြင်တွေ့ခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်တွင် General Motors သည် အထူးဒီဇိုင်းထုတ်ထားသော လျှပ်စစ်ကားဖြစ် သည့် EV ၁၉၉၆ ကို မိတ်ဆက်ခဲ့ပြီး နောက်ဆုံးတွင် အဆက်ပြတ်သွားကာ နောက်လိုက်များပါရှိလာခဲ့သည်။ EV 1 သည် လျှပ်စစ်ကားများ၏ အလားအလာကို ပြသသည့် ဒီဇိုင်းနှင့် စွမ်းဆောင်ရည်အတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ဤခေတ်တွင် စွမ်းအင်ပိုမိုရရှိစေပြီး သက်တမ်းပိုရှည်စေသည့် နီကယ်-သတ္တုဟိုက်ဒိုက် (NiMH) ဘက်ထရီများ အပါအဝင် ဘက်ထရီနည်းပညာများတွင် တိုးတက်မှုများကိုလည်း တွေ့မြင်ခဲ့ရသည်။ ဤဘက်ထရီများသည် လျှပ်စစ်ကားများကို ၎င်းတို့၏ အကွာအဝေးနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့် သုံးစွဲသူများအတွက် ပိုမိုဆွဲဆောင်မှုဖြစ်စေသည်။ EV1 မှလွဲ၍ ဂျပန်နိုင်ငံသည် လျှပ်စစ်ကားများတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့သည်။ Toyota သည် RAV4 SUV ၏ လျှပ်စစ်ဗားရှင်းဖြစ်သည့် RAV4 EV ကို ဖြန့်ချိခဲ့ပြီး လျှပ်စစ်ကားဈေးကွက်တွင် ထင်ရှားကျော်ကြားလာခဲ့သည်။ RAV4 EV ရောက်ရှိလာမှုသည် လျှပ်စစ်ကားများ၏ ဖြစ်နိုင်ခြေနှင့် အလားအလာများကို သက်သေပြခဲ့သည်။

**၂၁ ရာစုတွင် လျှပ်စစ်ကားများ၏ ခေတ်သစ်**

နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ ၂၁ ရာစု၏ လျှပ်စစ်ကားလုပ်ငန်းသည် လျင်မြန်စွာ ရပ်တန့်သွားကာ ကြီးမားသော အပြောင်းအလဲများနှင့် ဆန်းသစ်တီထွင်မှုများကို သယ်ဆောင်လာပါသည်။ ဘက်ထရီနည်းပညာ၊ အစွန်းရောက်ကားဒီဇိုင်းများနှင့် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များတွင် အောင်မြင်မှုများသည် ဤနယ်ပယ်ကို ရှေ့သို့ တွန်းပို့နေပြီး အနာဂတ် သယ်ယူပို့ဆောင်ရေးအတွက် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်နိုင်ခြေသစ်များကို ဖွင့်လှစ်ပေးပါသည်။

**လီသီယမ်အိုင်းယွန်းဘက်ထရီများ**

ပထမဦးစွာ၊ အထူးသဖြင့် လီသီယမ်-အိုင်းယွန်းဘက်ထရီများဖြင့် အားသွင်းနိုင်သော ဘက်ထရီနည်းပညာတွင် အထင်ကြီးလောက်သော တိုးတက်မှုအချို့ရှိသည်။ ဤဘက်ထရီများသည် စွမ်းအင်ပိုမိုထုပ်ပိုးပြီး၊ ကြာရှည်ခံကာ ပိုမိုမြန်ဆန်စွာ အားသွင်းနိုင်သောကြောင့် ဘက်ထရီပါဝါသုံးကားများကို ပိုမိုလက်တွေ့ကျပြီး နေ့စဉ်စားသုံးသူများအတွက် ဆွဲဆောင်မှုဖြစ်စေသည်။ ၎င်းတို့သည် ခေတ်မီ လျှပ်စစ်ကားများအတွက် သွားလေရာဖြစ်လာပြီး ကြာရှည်မောင်းနှင်ခြင်းနှင့် အားအမြန်သွင်းခြင်းကို ပေးစွမ်းသည်။ ဤအောင်မြင်မှုသည် ကျယ်ပြန့်သော EV ကားအတွက် အဓိကအတားအဆီးများကို ကျော်လွှားရန် သော့ချက်ဖြစ်လာသည်။



**Toyota Prius ကားများ**

၁၉၉၇ ခုနှစ်ကတည်းက Toyota Prius သည် လျှပ်စစ်နှင့် ဟိုက်ဘရစ်ကားနည်းပညာတွင် အဓိကမှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။ တစ်ကမ္ဘာလုံးတွင် ပထမဆုံး အမြောက်အမြား ထုတ်လုပ်သည့် ဟိုက်ဘရစ်ကားအဖြစ် Prius သည် ဂတ်စ်အင်ဂျင်ကို လျှပ်စစ်မော်တာဖြင့် ပေါင်းစပ်ထားသောကြောင့် ဆီစားသက်သာပြီး ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကြီးမားစွာ မြှင့်တင်ပေးပါသည်။ ဤစမတ်ကျသောဒီဇိုင်းသည် Toyota ၏ မျိုးဆက်သစ်ကို ပြန်လည်မွမ်းမံရုံသာမက ကားစက်မှုလုပ်ငန်းတစ်ခုလုံးကို ပိုမိုစိမ်းလန်းသော ဦးတည်ချက်ဆီသို့ ဦးတည်သွားစေခဲ့သည်။ Prius ၏ အောင်မြင်မှုသည် ဟိုက်ဘရစ်ကားများသည် ယုံကြည်စိတ်ချရပြီး နေ့စဉ်အသုံးပြုရာတွင် ပိုက်ဆံအိတ်နှင့် အဆင်ပြေကြောင်း သက်သေပြခဲ့ပြီး လမ်းပေါ်ရှိ လျှပ်စစ်ကားများအတွက် ခိုင်မာသော အခြေခံအုတ်မြစ် ချပေးခဲ့သည်။




**Tesla စီးရီးကားများ**

၂၀၀၈ ခုနှစ်တွင် Tesla Motors (ယခု Tesla, Inc.) သည် လျှပ်စစ်ကားများ၏ အလားအလာကို ပြသသည့် ဇစ်ပီလျှပ်စစ်ပြိုင်ကား Roadster ကို ဖြန့်ချိခဲ့သည်။ Tesla ၏ နောက်ပိုင်းမော်ဒယ်များဖြစ်သည့် Tesla Model S ၊ တက်စလာမော်ဒယ် 3 Tesla Model X နှင့် Tesla Model X တို့သည် လျှပ်စစ်ကားဈေးကွက်ကို လှုပ်ခတ်သွားစေရန် ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ၎င်းတို့ကို ပိုမိုလက်လှမ်းမီပြီး နှစ်လိုဖွယ်ကောင်းစေခဲ့သည်။ Tesla ၏ ဘက်ထရီနည်းပညာ၊ ဆော့ဖ်ဝဲလ်နှင့် အလိုအလျောက် မောင်းနှင်နိုင်သော အင်္ဂါရပ်များတွင် ဆန်းသစ်တီထွင်မှုများသည် စံသစ်တစ်ခု သတ်မှတ်ပေးခဲ့ပြီး အခြားကားထုတ်လုပ်သူများ ၎င်းတို့၏ ကိုယ်ပိုင်လျှပ်စစ်ကား အစီအစဉ်များကို အမြန်ခြေရာခံရန် တွန်းအားပေးခဲ့သည်။

**လျှပ်စစ်ကား၏ သက်ရောက်မှု**

လျှပ်စစ်ကားများသည် ကျွန်ုပ်တို့၏ကမ္ဘာတွင် ကြီးမားသော ခြားနားချက်တစ်ခုကို ပြုလုပ်နေပါသည်။ ၎င်းတို့သည် လေထုညစ်ညမ်းမှုကို လျှော့ချရန်နှင့် ရုပ်ကြွင်းလောင်စာများအပေါ် ကျွန်ုပ်တို့၏ မှီခိုအားထားမှုကို လျှော့ချရန် ကူညီပေးနေပြီး၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်နှင့် လေကိုသန့်စင်စေရန်အတွက် သတင်းကောင်းဖြစ်သည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားသုံးခြင်းသို့ ပြောင်းလဲမှုသည်




စွမ်းအင်သိုလှောင်ရန်နှင့် ကျွန်ုပ်တို့၏ ဓာတ်အားလိုင်းများ ပိုမိုတည်ငြိမ်စေရန်အတွက် အခွင့်အလမ်းများကို ပွင့်စေကာ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုရန် ပိုမိုလွယ်ကူစေသည်။ ထို့အပြင် လျှပ်စစ်ကားများသည် လူများကို လောင်စာဆီနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်စကများအတွက် ငွေကုန်သက်သာကာ အလုပ်အကိုင်သစ်များ ဖန်တီးပေးပြီး ကျွန်ုပ်တို့၏ စီးပွားရေးကို မြှင့်တင်ပေးပါသည်။

**အစိုးရမူဝါဒများနှင့် မက်လုံးများ**

ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ပြည်သူများအား လျှပ်စစ်ကားများ ပြောင်းလဲအသုံးပြုရန် အားပေးရန် ၎င်းတို့၏ အခန်းကဏ္ဍကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် လျှော့ဈေးများ၊ အခွန်လျှော့ဈေးကဲ့သို့သော အရာများကို ပေးဆောင်နေပါသည်။

**လျှပ်စစ်အားသွင်းရုံများတွင် ရင်းနှီးမြှုပ်နှံမှုများ**

လျှပ်စစ်ကားများကို ပိုမိုဆွဲဆောင်ပြီး အသုံးပြုလာနိုင်စေရန် ရည်ရွယ်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် လျှပ်စစ်ကားများ၏ ကုန်ကျစရိတ်ကို လျှော့ချရန်နှင့် လူများကို အားသွင်းရန် ပိုမိုလွယ်ကူစေရန် ကူညီပေးသောကြောင့် လူများ ပိုမို၍ လျှပ်စစ်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ကယ်လီဖိုးနီးယား၌ လျှပ်စစ်ကားဝယ်သူများကို ငွေသားဆုလက်ဆောင်ပေးမည့် Clean Vehicle Rebate Project ဟုခေါ်သည့် အစီအစဉ်တစ်ခု ရှိပါသည်။

**EV အနာဂတ်**

လျှပ်စစ်ကားများ၏ အနာဂတ်တွင် ပိုမိုစိတ်လှုပ်ရှားဖွယ်ရာ အပြောင်းအလဲများကို ကျွန်ုပ်တို့ မျှော်လင့်နိုင်သည်။ ဘက်ထရီနည်းပညာ၊ မောင်းသူမဲ့ကားများနှင့် ရေရှည်တည်တံ့သော ထုတ်လုပ်ရေးများတွင် တိုးတက်မှုများသည် မော်တော်ယာဉ်လုပ်ငန်းကို ပို၍ပင် ပြောင်းလဲစေပါသည်။

အချုပ်အားဖြင့်ဆိုရသော် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) ၏ အဆိုအရ ၂၀၅၀ ပြည့်နှစ်တွင် အသားတင်ထုတ်လွှတ်မှုသုည သို့ရောက်ရှိရန် သယ်ယူပို့ဆောင်ရေးမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းကျော် လျှော့ချရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပိုမိုသိရှိလာကြပြီး ဓာတ်ငွေ့ထုတ်လွှတ်မှု ကင်းစင်သော သယ်ယူပို့ဆောင်ရေးစနစ်ကို တွန်းအားပေးလာသည်နှင့်အမျှ လျှပ်စစ်ကားများသည် စံနှုန်းတစ်ခု ဖြစ်လာဖွယ်ရှိသည်။ Solid-State ဘက်ထရီများ၊ ကြိုးမဲ့အားသွင်းခြင်းနှင့် ယာဉ်မှ လျှပ်စစ်ဓာတ်အားသွင်းနည်းပညာကဲ့သို့သော ဆန်းသစ်တီထွင်မှုများသည် လျှပ်စစ်ကားများကို ပိုမိုထိရောက်ပြီး အဆင်ပြေစေမည်ဖြစ်ပါကြောင်း ဗဟုသုတ ရရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

ကိုစုံ(ပုသိမ်)

## ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ကျင်းပ



**ပုသိမ်ကြီး စက်တင်ဘာ ၂၇**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာရှိ အ-မ-က(၁၈) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ကျင်းပခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကိုကိုလွင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ ကျောင်းအုပ်ကြီး ဒေါ်နွဲ့နွဲ့ရီ၊ မြို့မိ၊ မြို့ဖ ဦးမျိုးဝင်းနိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်ရှင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား မိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းက အဖွင့်အမှာစကား ပြောကြားပြီး ကျောက်မီး အ-ထ-က ကျောင်းအုပ်ကြီး ဦးမောင်မောင်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် ကျောင်းစာကြည့်တိုက်တွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့မိ၊ မြို့ဖ ဦးမျိုးဝင်းနိုင်က အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုံပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပုံပြော၊ ကဗျာရွတ်ဆိုမှုများ ထုတ်ဖော်ပြသ၍ အလှူရှင်များက အလှူငွေများ ပေးအပ်ခဲ့မှုအပေါ် ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ရွှေရန်ကင်း)**



## သွေးလွန်တုပ်ကွေးအကြောင်း အသိပညာပေး Talk Show ကျင်းပ

**သရက် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သွေးလွန်တုပ်ကွေးအကြောင်း အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သရက်ခရိုင် ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျန်းမာ၊ ပညာ) ဒုတိယဦးစီးမှူး ဒေါ်ရှင်းရှင်းသန့်တို့က သွေးလွန်တုပ်ကွေးဆိုတာဘာလဲ၊ ဘယ်အချိန်မှာ ဖြစ်ပွားတာလဲ၊ ဘယ်လိုလက္ခဏာပြပါသလဲ၊ သွေးလန့်ခြင်းလက္ခဏာဆိုတာဘာလဲ၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲတို့ စုံလင်စွာဖြင့် အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## ပုံပြင်ပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စဉ်ဆက်မပြတ်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၅ ရက် နေ့လယ်ပိုင်းက အဆိုပါရုံးရှိ ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ပုံပြင်ပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ် ပြိုင်ပွဲများကို ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး စိတ်ပါဝင်စားစွာ ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများကို ကျောင်းသား၊ ကျောင်းသူများ ပုံပြောစွမ်းရည်တိုးတက်ကောင်းမွန်စေရန်၊ ဆေးရောင်ခြယ်တတ်စေရန်နှင့် ပါဝင်ယှဉ်ပြိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပပေးရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်၊**
**စာပေ**
**လူ့မိတ်ဆွေ။**




## ပြည်သာယာစေဖို့

\- - - - -

* ဘေးရန်တွေဝေး  သာယာရေးကို
မှန်တွေးတို့များ  ပြည်သူ့အားက
လေးစားညီစေ  သွေးစည်းနေမှ
တို့ပြေ(ပြည်)တို့မြေ  ဘေးရန်တွေရှင်း
စုစေသိုင်းဝိုင်း  ရိုးတံတိုင်းလို
စည်းပိုင်းကာခြား  တိုင်းရင်းသားတို့
ပြည်အားကာကွယ်  မြန်ပြည်နွယ်ဖွား
ချစ်ဖွယ်အားဖြစ်  မြန်ပြည်ချစ်ပေါ့။

* တောင်ပေါ်မြေပြန့်  စိတ်သန့်သန့်နှင့်
တပ်လှန့်ညီစေ  ညီကိုတွေမို့
တစ်မြေရပ်ခြား  လာစော်ကားလျှင်
တို့များသွေးနီး  မြန်မာစည်းလုံး
တို့ထီးတို့နန်း  ဂုဏ်ရည်လျှမ်းပ
မနွမ်းရအောင်  ဝိုင်းဝန်းဆောင်က
မရှောင်ရန်ဘေး  သာယာရေးတွက်
အလေးထားခါ  အောင်မြင်ရာပေါ့။ ။

**ကိုကြီးကြွေ-ပုသိမ်ကြီး**




## လူထုအခြေပြုဗဟိုဌာန၌ လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးဖြင့် လူငယ်စာဖတ်ဝိုင်းကျင်းပ

**လယ်ဝေး စက်တင်ဘာ ၂၇**



ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသားလူငယ်များ စာပေဗဟုသုတများပိုမိုရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ဝေကြည်စန်းအောင်က စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ထို့နောက် မြို့နယ်စာရေးဆရာအသင်း၊ Book Club နှင့် စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူလေးများက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဝေသည့် ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၂၃)၊ အမှတ်(၁၈)မှတွင် ပါရှိသည့် စာရေးဆရာ ဒေါက်တာသန်းထွန်းရေးသားသည့် 'လူငယ်တွေ စာဖတ်ကြပါ' ဆောင်းပါးအား ဖတ်ရှု၍ မြို့နယ်ဦးစီးမှူးက သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်၊ စာစောင်များအား တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မနူဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လုံးလောင်းလှူပွဲ ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ မြင်းကပါကျေးရွာ မနူဟာမင်းကြီးကောင်းမှုတော် မနူဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဆွမ်းသပိတ်လုံး လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာကို စေတီတော်ကြီးရင်ပြင်တော်၌ တော်သလင်းလပြည့်နေ့ စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**



မနူဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော်အား ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာလာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်၍ ကြွရောက်လာသည့် ဆရာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ မနူဟာဘုရားဂေါပကဥက္ကဋ္ဌအဖွဲ့နှင့် ဗုဒ္ဓပူဇနီယပွဲတော်လာ ဧည့်ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘဒ္ဒန္တမာလာသီရိထံက အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ထို့နောက် ပင့်သံဃာ ၇၅ ပါးတို့အား မနူဟာဘုရား ရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်လုံးများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(၄၈၁)**

## မန္တလေးတက္ကသိုလ်ဓမ္မာရုံဝင်းအတွင်းရှိ မြရတနာစူဠာမဏိ ဆုတောင်းပြည့်စေတီတော် ထီးတော်တင်လှူပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတက္ကသိုလ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော တက္ကသိုလ်ဓမ္မာရုံ၊ သိမ်၊ အရိုးအိုးစေတီနှင့် ဆုတောင်းပြည့်စေတီတို့အား ရှေးမူမပျက်ပြုပြင်မွမ်းမံလျက်ရှိရာ မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ သိမ်နှင့် မြရတနာစူဠာမဏိ ဆုတောင်းပြည့်စေတီတော်တို့ ပြုပြင်ပြီးစီးခဲ့သည်။

ရှေးမူမပျက် ပြုပြင်ပြီးစီးသွားသော မြရတနာစူဠာမဏိ ဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ထီးတော်တင်လှူပူဇော်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်



ဒေါက်တာနေဝင်းဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်၍ ကြည်ညိုကြသည်။

အခမ်းအနားတွင် တင်လှူမည့် စိန်ဖူးတော်၊ ထီးတော်တို့ကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အလှူရှင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ+ဒေါ်တင်မာလာသိန်း၊ ဦးမင်းထက်ကျော်ဇင်+ဒေါ်နန်းသန္တာအောင်၊ ဒေါ်မြမြလေး(တရားလွှတ်တော်ရှေ့နေ)(သား)ဦးဝဏ္ဏဇင်+ဒေါ်မိုးသူအောင် မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ကောင်းကင်ကြိုး မဂ်လာရထားဖြင့် ရွှေထီးတော်၊ စိန်ဖူးတော်တို့အား တင်လှူပူဇော်၍ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

## (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာကျင်းပပြီးစီး၊ ပင့်သံဃာတော်(၁၀၈)ပါးအား ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ (၁၄၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးမှု အထိမ်းအမှတ်ဖြင့် ပင့်သံဃာ(၁၀၈)ပါးတို့အား ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီက အဆိုပါစေတီတော် ကရဝိက်တန်ဆောင်းတော်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်၏နာယက ဆရာတော် ၁၀ ပါးတို့အား အရုဏ်ဆွမ်းနှင့် ဆွမ်းသပိတ်များ၊ လှူဖွယ်ဝတ္ထုများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်မဟာသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာဘာဝတထံမှ ရေစက်ချတရားတော်များကို တာဝန်ရှိသူများနှင့် အလှူရှင်များက နာယူကြသည်။ ဆက်လက်၍ နံနက် ၈နာရီတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဘုရားအမှူးရှိသော ပင့်သံဃာတော်(၁၀၈)ပါးအား ဆွမ်းသပိတ်များနှင့် လှူဖွယ်ဝတ္ထုများကို ရပ်နီးရပ်ဝေးမှ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၄၅၃)**



## ပခုက္ကူမြို့၌ တော်သလင်းလပြည့်နေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်သူ များပြားလျက်ရှိ

**ပခုက္ကူ စက်တင်ဘာ ၂၇**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တော်သလင်းလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးများ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသူများ၊ ရှေးဟောင်း သမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများပြားလျက်ရှိသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ဇနီး နန်းစုစုစံနှင့် မိသားစုဝင်များက ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)ရှိ ဝါဆိုဝါကပ်စာသင်၊ စာချတော်မူကြသော သံဃာတော်(၃၀၁)ပါးတို့အား ဆွမ်းခဲဖွယ်အစရှိသော လှူဖွယ်ဝတ္ထုအစုစုများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြရာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**

## မန္တလေးဗုဒ္ဓတက္ကသိုလ် (၂၉)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာန္တယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်အတွင်းရှိ မန္တလေးဗုဒ္ဓတက္ကသိုလ် ၂၀၂၅ ပညာသင်နှစ်၊ (၂၉)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။



အခမ်းအနားသို့ မန္တလေးဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ(သန်လျင်မင်းကျောင်းဆရာတော်)၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊ မန္တလေးဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ(မစိုးရိမ်ကျောင်းတိုက်၊ ပါဠိကျောင်း)၊ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက်ဓမ္မဂါရဝကျောင်း ဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယာဘိဝံသ၊ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်၊ မော်ကွန်းထိန်း ဆရာတော်နှင့် သင်ကြားစီမံကထိကဆရာတော်များ၊ ပင့်ဖိတ်တော်မူသည့် ဆရာတော်၊ သံဃာတော်များ၊ ဘွဲ့ခံရဟန်းတော်များ၊ ဗုဒ္ဓတက္ကသိုလ် တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များ၊ အလှူရှင်များ၊ တက်ရောက်ကြည်ညိုသည့် ဒါယကာ၊ ဒါယိကာမများ၊ စုစုပေါင်း ၇၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း၊ အခမ်းအနားတွင် ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ခဲ့သည်။

မန္တလေးဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ(သန်လျင်မင်းကျောင်းဆရာတော်)မှ ဩဝါဒကထာ မြွက်ကြားတော်မူခဲ့ကြောင်း၊ ဆက်လက်၍ မန္တလေးဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ (မစိုးရိမ်ကျောင်းတိုက်၊ ပါဠိကျောင်း)မှ ဩဝါဒကထာ မြွက်ကြားတော်မူခဲ့ပြီးနောက် ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ထို့နောက် ဘွဲ့ခံရဟန်းတော်များနှင့် ကျောင်းသား၊ ကျောင်းသူများမှ မန္တလေးဗုဒ္ဓတက္ကသိုလ်၏ သစ္စာဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြပြီး M.A ဘွဲ့ခံ ၃၂ ပါး၊ B.A ဘွဲ့ခံ ၃၃ ပါး၊ Diploma ဘွဲ့ခံ အပါး ၃၀ တို့အား ဘွဲ့လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်း၊ ဆက်လက်၍ မြို့လယ်ဆူးခါးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)(၀၅၆)**

## ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ



**သာစည် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက မြို့နယ်သမဝါယမ အသင်းစုရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို သဘာပတိ ဦးတင်ထွန်းနှင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးတို့က အမှာစကားများပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီဝင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှု၊ လုပ်ငန်းအစီရင်ခံစာများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး သဘာပတိက အဆိုပါအချက်များကို အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူအတည်ပြု၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အမှုဆောင်နှင့် အသင်းစာရင်းစစ်အဟောင်းများ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ အမှုဆောင်သစ်များရွေးချယ်ပွဲကို ပြုလုပ်ရာ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကိုယ်စား သဘာပတိအဖြစ် ဆောင်ရွက်ပေးသော တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အမှုဆောင်သစ်များကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၇)**

၀-၀-၀-၀-၀-၀



## စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများနှင့် ဟောပြောပွဲကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာကျောင်းတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး ပြိုင်ပွဲများနှင့် ဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာန(Community Centre)ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲများနှင့် ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ဆရာစံရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၀ ဦးတို့က ပန်းချီ၊ ကျပန်း၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် ဦးစီးအရာရှိက လူငယ်နှင့်ရည်မှန်းချက်စွမ်းအား ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီးနောက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဦးစီးအရာရှိ၊ စာရေးဆရာမျိုးမြင့်(အောင်လံ)နှင့်တာဝန်ရှိသူများက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**ပျော်ဘွယ် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ)တွင် ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ ဂုဏ်ပြုပွဲတွင် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ရရှိထားသည့် အောင်မြင်မှုကို အခြေခံ၍ ရွေးချယ်ထားသည့် ပညာရပ်များကို ဆက်လက်ကြိုးစားသင်ယူကာ ပညာရေးခရီးလမ်းတွင် ယခုထပ်ပိုမိုအောင်မြင်မှုများ ရရှိစေလိုကြောင်းနှင့် ယခုဂုဏ်ပြုချီးမြှင့်မှုသည် မိမိတို့၏ အောင်မြင်မှုကို အသိအမှတ်ပြုခြင်းဖြစ်သကဲ့သို့ ဆက်လက်ကြိုးစားရန်အတွက် အားပေးမှုတစ်ရပ်လည်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ရမည်းသင်းခရိုင် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာထက်(ပျော်ဘွယ်)**



## ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၃/၂၀၂၆)ဖွင့်လှစ်



**မြို့သစ် စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၃/၂၀၂၆)ကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးက ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်၏မူဝါဒများ၊ လုပ်ငန်းစဉ်များ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်နှင့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ ဥပဒေ၊ နည်းဥပဒေများကို ကောင်းစွာနားလည်သိရှိပြီးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းအား စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ (၁)လကြာ သင်တန်းဖွင့်လှစ်မည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက်ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ပခုက္ကူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပခုက္ကူမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သီတာဦးက ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်းရှင်းလင်းပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဦးက ဌာန၏ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ နှစ်အလိုက်ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ စစ်ဆေးမှူး(၃) ဦးဌေးဝင်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်ဘီးစီးနင်းသူများလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများကို အသိပညာပေးဟောပြောခဲ့သည်။



အဆိုပါ ဟောပြောပွဲတွင် ပခုက္ကူမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဗီဒီယိုပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့ချနိုင်စေရေး လိုက်နာဆောင်ရွက်ရမည့် Quick Win (၅)ချက်အား ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းများဆောင်ရွက်ကာ အဖြေမှန်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(၃၄၀)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ညောင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်ခင်းများအောင်မြင်

ညောင်ဦး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ ကြဲပက်စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက်ခင်းများ မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ အောင်မြင်ဖြစ်ထွန်းကာ ပဲစင်းငုံခုတ်သိမ်းချိန် အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေကြောင်း တက်မကျေးရွာ ပဲစင်းငုံစိုက်တောင်သူများက ပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများသည် ပဲစင်ငုံ စိုက်ပျိုးခြင်းအား ကဆုန်လ၊ နယုန်လတို့တွင် မိုးဦးမိုးရွာသွန်းချိန် နှမ်းများ ကြဲပက် စိုက်ပျိုးချိန်နှင့်အတူ ပဲစင်ငုံအားရောကာ ကြဲပက်စိုက်ပျိုးထားခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ် တစ်မြို့နယ်လုံး ပဲစင်းငုံ ၁၅၁၂၇ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှု ကောင်းမွန်နေကာ ပဲစင်းငုံပေါ်ချိန် ဈေးကောင်းရရန် ကျေးလက်တောင်သူများ မျှော်လင့်နေကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၆ ခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၅ သို့ ❂



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




## ကမ္ဘာ့ဖလားနဂါးလှေလျှော်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာအသင်းက ငွေတံဆိပ်တစ်ခု ထပ်မံရရှိ၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့

ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ယွမ်လင်မြို့တွင် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့ နောက်ဆုံးပွဲစဉ် အမျိုးသား အလွတ်တန်း(၁၀)တက်လှော် ကီလိုမီတာ ၁၄၀၀၀ မာရသွန် နဂါးလှေလှော်ပြိုင်ပွဲတွင် ယူကရိန်း နိုင်ငံအသင်းက ပထမ၊ မြန်မာနိုင်ငံအသင်းက ဒုတိယနှင့် အိမ်ရှင် တရုတ်နိုင်ငံအသင်းက တတိယ ရရှိခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ဖလားနဂါး လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအသင်းအနေဖြင့် စက်တင်ဘာ ၂၅ ရက်က ငွေတံဆိပ်တစ်ခု၊ စက်တင်ဘာ ၂၆ ရက်က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ပြီး ယနေ့တွင် ငွေတံဆိပ်တစ်ခုထပ်မံရရှိကာ စုစုပေါင်း ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိခဲ့သည်။

မြန်မာနိုင်ငံအသင်းသည် တရုတ်နိုင်ငံဟန်ကျိုးမြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ယွမ်လင်မြို့မှ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

## ဒဂုံစတားယူနိုက်တက်အသင်းက Galaxy အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၇

M League 2026 U-20 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့ ယနေ့ မွန်းလွဲ ၃ နာရီခွဲက YUSC ကွင်း၌ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတား ယူနိုက်တက်အသင်းက Galaxy အသင်းကို သုံးဂိုး၊ နှစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲချိန် ၃၁ မိနစ်တွင် Galaxy အသင်းတိုက်စစ်မှူး သက်နိုင်ဦးက ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့သော်လည်း ပွဲချိန် ၃၄ မိနစ်တွင် ဒဂုံစတားယူနိုက်တက်အသင်းမှ ညီနိုင်က ချေပဂိုးပြန်လည် သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် ဦးဆောင်ဂိုးရရှိရေး အပြန်အလှန် တိုက်စစ်ဆင် ကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၆၀ တွင် ညီနိုင်က ဒဂုံစတားယူနိုက်တက်အတွက် ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၇၅ မိနစ်တွင် Galaxy အသင်းအတွက် သက်နိုင်ဦးက ပင်နယ်တီမှ တစ်ဆင့် ဒုတိယချေပဂိုးကို ပြန်လည်သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီဖြင့် ရလဒ်တူနေခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် နောက်ကျအနိုင်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဇော်ဘိုထွဋ်က သွင်းယူပေးခဲ့သဖြင့် Galaxy အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

၀-၀-၀-၀-၀




## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

မိုး/ဇလ